# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၆၂)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၇ ရက် ၊ ၁၈-၅-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားက အာဆီယံအတွက်တော့ အရေးပါတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ ဆွေးနွေးဖက်နိုင်ငံထဲမှာလည်း ပါနေပြီ ဖြစ်ပါတယ်။ ရှေ့ဆက်ကာလတွေမှာတော့ အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်မှုတွေမှာ ရုရှားနိုင်ငံဟာ အရေးပါတဲ့အနေအထားမှာ ရှိလာနိုင်မယ်လို့ ကျွန်တော်တို့မြင်ပါတယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် မေ ၈ ရက်တွင် ရုရှားနိုင်ငံ RT သတင်းဌာနအား မော်စကိုမြို့ Ararat Park ဟိုတယ်ခန်းမ၌ လက်ခံ တွေ့ဆုံခဲ့ပြီး သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်။ တွေ့ဆုံမေးမြန်းမှုအပြည့်အစုံမှာ -

မေး။ လေးစားအပ်ပါသော အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ် ခင်ဗျာ။ ကျွန်တော့်အနေနဲ့ အဆွေတော်နဲ့ အခုလိုမျိုး အင်တာဗျူးခွင့်ရတဲ့အတွက် ဂုဏ်ယူကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ရုရှားနိုင်ငံရဲ့ နှစ်(၈၀)ပြည့် မဟာမျိုးချစ်အောင်ပွဲအခမ်းအနားကို တက်ရောက်လာတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီအောင်ပွဲဟာ ကျွန်တော်တို့ရုရှားနိုင်ငံအတွက်လည်း များစွာတန်ဖိုးရှိသလို ဒီအောင်ပွဲနဲ့ပတ်သက်ပြီးတော့ ဖက်ဆစ်ဝါဒကိုတွန်းလှန်နိုင်ခဲ့တဲ့ မြန်မာနိုင်ငံအတွက်လည်း များစွာတန်ဖိုးရှိတယ်လို့ ကျွန်တော်သိရှိရပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံမှာ လှုပ်ခဲ့တဲ့ငလျင်ကြောင့် မြန်မာနိုင်ငံထိခိုက်ပျက်စီးဆုံးရှုံးသွားတယ်ဆိုတာလည်း သိရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဝမ်းနည်းကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ပထမဆုံး မေးချင်တဲ့မေးခွန်းကတော့ ဒီငလျင်နဲ့ပတ်သက်ပြီး ဝန်ကြီးချုပ်ကြီးအနေနဲ့အကူအညီပေးမှု၊ အားထုတ်မှုတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမျိုး မှတ်ချက်တွေ ပေးချင်ပါသလဲ။ ကယ်ဆယ်ရေး လုပ်ငန်းတွေကရော ဘယ်လောက်ထိ အထောက်အကူပြုပါသလဲ။ အများကြီးလျင်မြန်မှုရောရှိပါသလား။ အစစအရာရာရော အဆင်ပြေပါသလား။ အဲဒါလေး သိချင်ပါတယ်ခင်ဗျာ။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မေ ၈ ရက်က ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၇**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ မေ ၁၈ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## Town Plan ရေးဆွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan ရေးဆွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများအတွက် အမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure SOP) များကို ဖြန့်ဝေပေးထားပြီးဖြစ်၍ ပြန်လည်ပြုပြင်ရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအစား အသစ်တည်ဆောက်နိုင်ရန် Town Plan ရေးဆွဲရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်း တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြစေလိုကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မေ ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် Town Plan ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan အတွက် မြေနေရာရွေးချယ်ထားရှိမှု၊ မြေစမ်းသပ်ထားရှိမှု၊ ဝန်ကြီးဌာန၏မူဝါဒများနှင့်အညီ ဆောင်ရွက်မည့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက မြို့ပြမြေအသုံးချမှုရာခိုင်နှုန်းစံသတ်မှတ်ချက်များ၊ Town Plan ရေးဆွဲရာတွင် လိုက်နာရမည့် အခြေခံအချက်အလက်များကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က အိမ်ရာစီမံကိန်း အသစ်တည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုကိုလည်းကောင်း၊ အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan အတွက် မြေနေရာရွေးချယ်ထားရှိပြီး မြေပြင်တွင် အသေးစိတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ Town Plan ရေးဆွဲရာတွင် မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မြေစမ်းသပ်မှုများ စနစ်တကျ သေချာတိုင်းတာတွက်ချက်ခြင်းနှင့် လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက် (၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှုကူညီရေးရုံးအနီး၊ ကန်တော်ကြီးအရှေ့ပတ်လမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ၇၇လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိုးထိအောင်စည်ကွင်းတို့တွင်လည်းကောင်း၊ မေ ၂၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်(စ-၅)၊ ၄၁လမ်းနှင့် ၆၈လမ်းထောင့်၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဇရာဝတီကမ်းနားလမ်းတို့တွင်လည်းကောင်း၊ မေ ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက် (၃၇)၊ ဒေါနဘွားရပ်ကွက်၊ အုပ်စက်မှော်ရုံ၊ ချမ်းမြသာစည်မြို့နယ်၊ စံပြလမ်းနှင့် ၇၈လမ်းကြား၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ မြတ်စောညီနောင်မွှာရုံအနီးတို့တွင်လည်းကောင်း၊ မေ ၂၂ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၈လမ်းနှင့် ၅၈ A လမ်းကြား၊ ၁၂၆လမ်း၊ (ဆ) ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ မေ ၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ် ရွှေဥမ်းထုပ်ရပ်ကွက်၊ တရုတ်တန်းလမ်း၊ နဂါးရုံဘုရားဝင်းအတွင်းတို့တွင်လည်းကောင်း၊ မေ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက် (၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## တောင်တွင်းကြီးမြို့နယ် နတ်စဉ်ကုန်းကျေးရွာအနီး ယင်းမလည်ချောင်း မြေအောက်တမံ(၁)တည်ဆောက်လျက်ရှိ

**တောင်တွင်းကြီး မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ နတ်စဉ်ကုန်းကျေးရွာအနီး ယင်းမလည်ချောင်း မြေအောက်တမံ(၁)အား ဧပြီ ၂၉ ရက်မှစတင်၍ တည်ဆောက်လျက်ရှိရာ မေ ၁၆ ရက်အထိ တည်ဆောက်မှုလုပ်ငန်း ၃၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်သည်။ **(ယာပုံ)**

တောင်တွင်းကြီးမြို့နယ် နတ်စဉ်ကုန်းကျေးရွာအနီး ယင်းမလည်ချောင်း မြေအောက်တမံ(၁)အား ခန့်မှန်းကုန်ကျငွေ ၄၇ ဒသမ ၅၀ ကျပ်သန်းဖြင့် တည်ဆောက်လျက်ရှိရာ မြေအောက်တမံအလျား ပေ ၁၀၀၊ မြေအောက်တမံအနက် ပေ ၂၀ ရှိကာ ပျမ်းမျှမိုးရေချိန် ၄၅ လက်မ၊ ရေသိုလှောင်နိုင်မှု ပမာဏ ဂါလန် ၁၅ သန်းခန့် သိုလှောင်နိုင်ပြီး အဆိုပါ မြေအောက်တမံ တည်ဆောက်ခြင်းဖြင့် ဥယျာဉ်စုကျေးရွာ၊ နတ်စဉ်ကုန်းကျေးရွာ နှစ်ရွာမှ အိမ်ထောင်စု ၃၀၀၊ လူဦးရေ ၁၆၇၆ ဦးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာအကျိုး ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

၀-၀-၀-၀-၀



## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမဘေး အ·ထ·က(၁)ကျောင်းအနီးတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဦးစွာ ကျောင်းအပ်နှံရေးဆိုင်းဘုတ်အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းအပ်နှံရေးနေ့ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ဖျန်းပက်ပေးကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်အနီးတွင် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(၄၅၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ဖြေ။ ပထမဆုံးတော့ ကျွန်တော်တို့တွေ ပြီးခဲ့တဲ့မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးအကြောင်း ခင်ဗျားဝမ်းနည်းကြောင်း ပြောတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ကျွန်တော်တို့ပြောလိုပါတယ်။ ငလျင်က တကယ်တော့တော်တော်လေးပြင်းထန်ပါတယ်။ ၇ ဒသမ ၇ ရစ်(ခ်)တာစကေး ရှိပါတယ်။ ၁၉၀၀ ပြည့်နှစ် နောက်ပိုင်းမှာ လှုပ်ခဲ့တဲ့ငလျင်ထဲမှာ ဒုတိယအပြင်းထန်ဆုံးငလျင်ဖြစ်ပါတယ်။ ကျွန်တော်တို့ (၁၈)ကြိမ်လှုပ်ခဲ့တဲ့အထဲမှာ ၁၉၁၂ ခုနှစ် လှုပ်ခဲ့တာတော့ ၈ ရစ်(ခ်)တာစကေးရှိပါတယ်။ အခုငလျင်ဟာ တော်တော်လေးပြင်းထန်တဲ့ ငလျင်တစ်ခုပါ။ ထိခိုက်သေဆုံးမှုလည်း တော်တော်လေးများပါတယ်။ လူအားလုံး ၃၇၀၀ ကျော် သေပါတယ်။ ၅၀၀၀ ကျော် ဒဏ်ရာရပါတယ်။ နောက် ၈၀ လောက် ပျောက်နေတာရှိပါသေးတယ်။ အိမ်ခြေပေါင်းလည်း ၆၇၀၀၀ လောက်ပျက်စီးမှုရှိပါတယ်။ ကျောင်းပေါင်း ၆၄၀၀ လောက် ပျက်စီးမှုရှိပါတယ်။ ဆေးရုံ၊ ဆေးခန်း ၃၅၀ လောက် ပျက်စီးမှုတွေရှိပါတယ်။ လမ်း၊ တံတားတွေလည်း အများကြီးပျက်ပါတယ်။ နိုင်ငံတကာ အကူအညီလည်း ကျွန်တော်ကဖြစ်ပြီးတော့ ဖြစ်တဲ့နေရာတွေလိုက်ကြည့်တဲ့အချိန်မှာ တော်တော်လေးကို ဆိုးဆိုးရွားရွားပျက်စီးမှုတွေ တွေ့ရတဲ့အတွက်ကြောင့် နာရီပိုင်းအတွင်းမှာပဲ နိုင်ငံကိုလည်း အရေးပေါ်အခြေအနေကို ကြေညာတာပေါ့။ ပြီးတော့ နိုင်ငံတကာအကူအညီကိုလည်း ကျွန်တော်တောင်းခံခဲ့ပါတယ်။ နိုင်ငံတကာအကူအညီကလည်း ၂၄ နာရီအတွင်းမှာကိုပဲ ကျွန်တော်တို့ဆီရောက်လာတယ်။ တော်တော်အားရဖို့လည်း ကောင်းပါတယ်။ ခင်ဗျားတို့ရုရှားနိုင်ငံအပါအဝင် တရုတ်၊ အိန္ဒိယ ကမ္ဘာ့နိုင်ငံ ၂၆ နိုင်ငံလောက် လာပြီးကူညီကြပါတယ်။ ၇၂ နာရီအတွင်းမှာပေါ့။ ထုံးစံကတော့ သူတို့သတ်မှတ်ထားတာ ၇၂ နာရီအတွင်းမှာ ကယ်နိုင်ရင်တော့ အသက်ရှင်နိုင်ဖို့အခွင့်အရေးရှိတယ်လို့ ပြောတာပဲ။ ဒါပေမဲ့ ၂၄ နာရီအတွင်းမှာကို သူတို့ရောက်လာကြတယ်။ အသက်ရှင်လျက် ကျွန်တော်တို့ရှစ်ယောက်ကယ်လို့ရခဲ့တယ်။ နောက်တစ်ခါ Dead Body ကတော့ အများကြီးပေါ့လေ။ ရတာတော့ အများကြီးရှိပါတယ်။ ဘာပဲပြောပြော ကူညီမှုကတော့ အားရဖို့လည်းကောင်းပါတယ်။ နောက်တစ်ခုကလည်း ကယ်ဆယ်ရေးပစ္စည်းတွေပေါ့။ အဲဒါတွေက လည်း လေယာဉ်ပျံတွေ နောက်ပြီး သင်္ဘောတွေ၊ မော်တော်ကားတွေနဲ့ အကုန်လုံးရောက်လာတာဖြစ်တဲ့အတွက်ကြောင့် ဘာပဲပြောပြော နိုင်ငံအတွက်တော့ အထောက်အကူရတယ်လို့ ပြောရပါလိမ့်မယ်။ သို့သော်လည်း ပြန်လည်ရှင်းလင်းရေးလုပ်ငန်းနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ ပြန်လုပ်ဖို့ကတော့ ကျွန်တော်တို့ အများကြီးလုပ်ရဦးမှာ။ ဒီထက်လည်း အကူအညီထပ်မံလိုအပ်သေးမယ်လို့ ကျွန်တော်မြင်ပါတယ်။

**မေး။ လက်ရှိအခြေအနေမှာ မြန်မာနဲ့ရုရှား နှစ်နိုင်ငံဆက်ဆံရေးဟာ အရှိန်အဟုန်နဲ့ တိုးတက်နေတယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မြန်မာနိုင်ငံမှာ ရုရှား-မြန်မာနှစ်နိုင်ငံ ရေတပ်ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်းတွေလုပ်တဲ့ အချိန်မှာလည်း သတင်းယူဖို့ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့တာလည်းရှိပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံသိရှိလိုတာကတော့ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံအကြား စစ်ဘက်ရေးရာ နည်းပညာပူးပေါင်းရေးအခန်းကဏ္ဍတွေသာမဟုတ်ဘဲနဲ့ အခြားသော ဘယ်နယ်ပယ်တွေ ဘယ်ကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ရပါသလဲ။ ဘယ်နယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်တယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့သိရှိလိုပါတယ်။**

ဖြေ။ ရုရှားနဲ့မြန်မာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကလည်း ကျယ်ပြန့်တယ်ခင်ဗျာ။ ခင်ဗျားခုနကပြောသလို ကာကွယ်ရေး ကဏ္ဍတင်မကဘူး။ ကျွန်တော်တို့ သိပ္ပံနဲ့နည်းပညာ နောက်တစ်ခါ စီးပွားရေး၊ နောက်တစ်ခု ဥပဒေဘက်ဆိုင်ရာ၊ နောက် ပညာရေး၊ ကျန်းမာရေး ဒီနယ်ပယ်တွေ အများကြီးရှိပါတယ်။ ဆွေးနွေးတဲ့ကိစ္စတွေလည်း ရှိပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့မတ်လခရီးစဉ်မှာ လာတဲ့အချိန်တုန်းက နျူကလီးယားနဲ့ပက်သက်တဲ့ ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကိစ္စ၊ ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးကိစ္စတွေ၊ နောက် ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမယ့် ကိစ္စတွေ ဒါတွေဆွေးနွေးနိုင်ခဲ့တာတွေရှိပါတယ်။ သဘောတူတာလည်း ရှိပါတယ်။ လုပ်နေတာလည်းရှိပါတယ်။ ဆက်လက်ပြီး လုပ်ရမယ့် နယ်ပယ်တွေလည်း များစွာရှိပါသေးတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး။ ကျွန်တော် သိသလောက်တော့ အမေရိကန်နိုင်ငံအနေနဲ့ ဒီမြန်မာနိုင်ငံမှာ ငလျင်လှုပ်တာနဲ့ပတ်သက်ပြီး ကူညီပေးရမယ့်အစား မြန်မာနိုင်ငံရဲ့ ကုန်သွယ်ခွန်နဲ့ ပတ်သက်ပြီး ၄၄ ရာခိုင်နှုန်းအထိ ပိုမိုတင်းကြပ်ခဲ့တယ်လို့ သိရှိရပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အဆွေတော်ရဲ့အမြင်လေးကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ အမေရိကန်တွေကလည်း မြင်နေရတာကတော့ ငလျင်နဲ့ ပတ်သက်ပြီးတော့ အကူအညီမပေးတာတော့မဟုတ်ဘူး။ သူကတော့ ကူညီပေးမယ်ဆိုပြီးတော့ ဒေါ်လာ ကိုးသန်းပေးမယ်လို့ ကြေညာခဲ့တာရှိတယ်။ အဲဒီတော့ဘယ်လိုပေးမလဲတော့ ကျွန်တော်တို့ မသိဘူးပေါ့လေ။ ကုလသမဂ္ဂကတစ်ဆင့်ပေးမလား။ ဒါမှမဟုတ် အာဟာစင်တာ (AHA Centre)ကနေတစ်ဆင့် ပေးမလားမသိဘူး။ ပေးဖို့အတွက် ကြေညာထားတာတော့ရှိပါတယ်။ ကျွန်တော်တို့နဲ့ အမေရိကန်နဲ့က ကုန်သွယ်ရေးနဲ့ပတ်သက်ပြီးတော့လည်း သိပ်တော့ကြီးကြီးမားမားမရှိဘူး။ ၂၀၁၁ ခုနှစ်ကနေပြီးတော့ ၂၀၂၅ ခုနှစ်အထိ ကျွန်တော်တို့ ဒေါ်လာသန်း ၉၀၀ လောက်ကိုပဲ ကုန်သွယ်မှုရှိတယ်။ တစ်နှစ်ကိုဒေါ်လာသန်း ၈၀၀ ကျော်ကျော်လောက် ကုန်သွယ်မှုရှိတယ်လို့ ပြောရပါလိမ့်မယ်။ တချို့နှစ်တွေမှာလည်း ကျွန်တော်တို့ဘက်က ပို့တာတွေများပြီးတော့ တချို့နှစ်တွေမှာလည်း အမေရိကန်က ပို့တာတွေများတယ်။ သူတို့ အခွန်ကောက်တာတော့ ကျွန်တော်တို့တစ်နိုင်ငံတည်းမဟုတ်ဘူး။ တခြားသူတို့ရဲ့ မိတ်ဆွေနိုင်ငံတွေကိုလည်း တချို့လည်း ကောက်တာတွေရှိတယ်။ တရုတ်နိုင်ငံအပေါ်လည်း တော်တော်လေးကောက်တာတွေရှိတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ အခွန်တိုးကောက်တာတော့ မလုပ်သင့်ဘူးလို့ ကျွန်တော်တော့ ယူဆပါတယ်။ ဒီလိုမျိုး သူတို့ဘက်ကတော့ ကုန်သွယ်ရေးလိုငွေတွေပြလို့ တခြားနိုင်ငံတွေ အပါအဝင်ပေါ့လေ အခွန်တွေတိုးကောက်တယ်လို့သိရပါတယ်။ အမှန်ကတော့ မကောက်သင့်ဘူးလို့ ကျွန်တော်တော့ ယူဆပါတယ်။ ဘာကြောင့်ကောက်လဲတော့ ကျွန်တော်တို့လည်း အသေးစိတ်ပြန်ပြီး စဉ်းစားဖို့တော့လိုတာပေါ့။

**ဒီအောင်ပွဲဟာ ယနေ့ခုမြင်တွေ့နေရတဲ့ ပထဝီနိုင်ငံရေးမြင်ကွင်းတွေကို ဘယ်လိုမျိုးပြောင်းလဲမှုရှိမှာလဲ။ ဒါနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ဒါက ကျွန်တော်တို့ ဖက်ဆစ်နာဇီတွေပေါ်မှာ ဆိုဗီယက်ပြည်ထောင်စုမှာရှိတဲ့ ပြည်သူပြည်သားတွေကနေပြီးတော့ တိုက်ထုတ်အောင်မြင်ခဲ့တဲ့အောင်ပွဲကို အသိအမှတ် အထိမ်းအမှတ်လုပ်တဲ့ပွဲတစ်ပွဲပေါ့။ ဒါတော်တော်လေးကို လေးနက်တဲ့ပွဲတစ်ပွဲလို့ ကျွန်တော်တို့ပြောလို့ရတာပေါ့။ ဒီလိုပဲ မြန်မာနိုင်ငံမှာလည်း ဖက်ဆစ်ဂျပန်တွေ သူတို့နဲ့ ဝင်ရိုးတန်း ဖက်ဆစ်နာဇီတွေ ဂျာမနီနဲ့ တစ်အုပ်စုတည်းဖြစ်တဲ့ ဖက်ဆစ်ဂျပန်တွေရဲ့ ဒဏ်ကိုလည်း ကျွန်တော်တို့ခံခဲ့ရတော့ ကျွန်တော်တို့ ပြန်တိုက်ခဲ့ရတဲ့ သမိုင်းဖြစ်ရပ်ရှိတယ်။ အတူတူ ကာလအတူတူပဲ ဖြစ်ခဲ့တာပေါ့။ ဒါကတော့ လွတ်လပ်ရေး ကိုယ့်တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့အတွက် လုပ်တဲ့တိုက်ခိုက်မှုတစ်ခုပါပဲ။ ဒါ့ကြောင့် ဒါအင်မတန်တန်ဖိုးရှိတဲ့ တိုက်ပွဲတစ်ခုလို့၊ တိုက်ခိုက်မှုလို့ ကျွန်တော်ပြောလိုပါတယ်။ ဒီလိုတိုက်နိုင်ခဲ့တဲ့အတွက်ကြောင့်လည်း တချို့ ကိုလိုနီအပြုခံခဲ့ရတဲ့ အနိုင်ကျင့်ပြီးတော့ သိမ်းပိုက်ခံခဲ့ရတဲ့

## ☆ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ အခွန်တိုးကောက်တာတော့ မလုပ်သင့်ဘူးလို့ ကျွန်တော်တော့ ယူဆပါတယ်။ ဒီလိုမျိုးသူတို့ဘက်ကတော့ ကုန်သွယ်ရေးလိုငွေတွေပြလို့ တခြားနိုင်ငံတွေ အပါအဝင်ပေါ့လေ အခွန်တွေတိုးကောက်တယ်လို့သိရပါတယ်။ အမှန်ကတော့ မကောက်သင့်ဘူးလို့ ကျွန်တော်တော့ ယူဆပါတယ်။

## ☆ အဓိကတော့ ကျွန်တော်တို့က တစ်နိုင်ငံတည်းကိုမှ မှီခိုနေရတဲ့ ကုန်သွယ်နေတဲ့ ကိစ္စတွေကိုတော့ တော်တော်ရှောင်ရှားပြီးတော့ ကျွန်တော်တို့နိုင်ငံတွေနဲ့ ပေါင်းပြီးတော့ ဝိုင်းလုပ်ကြမှာပေါ့။ သူ့တစ်နိုင်ငံတည်း ကျွန်တော်တို့ကသွားပြီးတော့ ရောင်းပြုနေမယ့်အစား နိုင်ငံအားလုံးနဲ့မျှပြီးတော့ ကုန်သွယ်မှုလုပ်တာမျိုးတော့ ပိုကောင်းတယ်။ ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း ပိုကောင်းတယ်လို့ ကျွန်တော်တော့ မြင်ပါတယ်။

**မေး။ ကျွန်တော့်အနေနဲ့ ထပ်မံမေးမြန်းလိုတာကတော့ ကုန်သွယ်မှုနဲ့ ပတ်သက်ပြီးတော့ ပိတ်ဆို့မှုတွေ၊ အတိုးနှုန်းတွေနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ရော ဘယ်လိုမျိုးတုံ့ပြန်မှုတွေ လုပ်သွားဖို့ အစီအစဉ်ရှိသလဲ၊ ပြင်ဆင်ထားလဲဆိုတာလေး သိပါရစေခင်ဗျ။**

ဖြေ။ အဓိကတော့ ကျွန်တော်တို့က တစ်နိုင်ငံတည်းကိုမှ မှီခိုနေရတဲ့ ကုန်သွယ်နေတဲ့ကိစ္စတွေကိုတော့တော်တော်ရှောင်ရှားပြီးတော့ ကျွန်တော်တို့နိုင်ငံတွေနဲ့ ပေါင်းပြီးတော့ ဝိုင်းလုပ်ကြမှာပေါ့။ သူ့တစ်နိုင်ငံတည်း ကျွန်တော်တို့ကသွားပြီးတော့ ရောင်းပြုနေမယ့်အစား နိုင်ငံအားလုံးနဲ့မျှပြီးတော့ ကုန်သွယ်မှုလုပ်တာမျိုးတော့ ပိုကောင်းတယ်။ ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း ပိုကောင်းတယ်လို့ ကျွန်တော်တော့ မြင်ပါတယ်။ တစ်ဆက်တည်းပြောချင်တာ အဲဒါတော့ ဘာလဲဆိုတော့ ဘာဖြစ်လို့ သူတို့ဒီလိုအခွန်တိုးကောက်သလဲပေါ့။ ဒါလည်း ကျွန်တော်တို့ တွက်ရတယ်ပေါ့နော်။ သူတို့က ကုန်သွယ်မှုလိုငွေတွေပြလို့ တိုးကောက်တယ်လို့ပြောတာပေါ့။ အဲဒီတော့ ဘာကြောင့်လိုငွေတွေပြရသလဲ။ သူတို့ ပစ္စည်းတွေမရောင်းရလို့လား။ ဘာလို့မရောင်းရလဲပေါ့။ အမေရိကန်ပစ္စည်းတွေ ရောင်းနေရတာပဲ။ အမေရိကန်ပစ္စည်းတွေ ကောင်းပါတယ်။ အဆင့်အတန်းလည်း ရှိပါတယ်။ ဒါပေမဲ့ သူတို့က ဈေးကြီးတာပေါ့။ ဈေးကြီးတဲ့အခါကျတော့ သူတို့ပစ္စည်းတွေဝယ်ဖို့က နည်းနည်းလေးအခက်အခဲရှိတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပါအဝင် နိုင်ငံတော်တော်များများမှာ အမေရိကန်ဈေးကွက်ရဲ့ဝယ်လိုအားကို ကြီးမားတာ ကျွန်တော်သွားတွေ့တယ်။ ဒါကြောင့် သူတို့ကို ကျွန်တော်တို့အများကြီးပဲ ရောင်းနိုင်တယ်။ သူတို့ ဘာကြောင့် ကုန်ပစ္စည်းတွေဈေးကြီးလဲ။ ဒါလည်း စဉ်းစားရမှာပေါ့။ Cost of Production ကြောင့် ကုန်ပစ္စည်း ကုန်ဈေးနှုန်းက ကြီးတာလား။ ဒါဆိုလည်း ဒါတွေတွက်ဆရမှာပေါ့။ ဒီပေါ်မူတည်ပြီးတော့ ဒါပြုပြင်ဖို့အတွက် လုပ်ရလိမ့်မယ်။ ကျွန်တော်တို့လည်း သူ့တစ်နိုင်ငံတည်းမှီမယ့်အစား တခြားနိုင်ငံတွေမျှပြီးတော့ ရောင်းတာမျိုးပေါ့။ ကျွန်တော်တို့ တော်တော်များများတော့ သူ့ဈေးကွက်ကို အများကြီးမှီခိုနေတာ တော်တော်များတာတွေ့ရပါတယ်။ အဲဒါတော့ စဉ်းစားဖို့ကောင်းတယ်လို့ ကျွန်တော်မြင်တယ်။

**မေး။ ကျွန်တော့်အနေနဲ့ အဆွေတော်ဟာ မဟာစစ်အောင်ပွဲနေ့ နှစ်ပတ်လည်အခမ်းအနားမှာ ပါဝင်ဆင်နွှဲဖို့ ရုရှားနိုင်ငံကိုရောက်ရှိလာတယ်လို့ သိရှိရပါတယ်။ ဒီနေ့အခမ်းအနားဟာ နှစ်(၈၀) ပြည့် အခမ်းအနားဖြစ်တဲ့အတွက် ကျွန်တော်တို့ ရုရှားနိုင်ငံအတွက်လည်း အထိမ်းအမှတ် အထွတ်အမြတ်ထားတဲ့ အထိမ်းအမှတ်ပွဲတော် ဖြစ်ပါတယ်။ ဒီအထိမ်းအမှတ်ပွဲတော်နဲ့ပတ်သက်ပြီး မေးချင်တဲ့မေးခွန်းလေးကတော့ လွန်ခဲ့တဲ့ နှစ် ၈၀ ကနေပြီးတော့ ဒီအောင်ပွဲရရှိခဲ့ပါတယ်။**

တချို့ဥရောပနိုင်ငံတွေပေါ့ လွတ်လပ်ရေးပြန်ရသွားတာ ကျွန်တော်တို့သွားတွေ့တယ်။ လွတ်လပ်ရေးပြန်ရသွားတာ ဆိုဗီယက်ပြည်ထောင်စုကနေ ဦးဆောင်ပြီးတိုက်ခိုက်ပေးခဲ့တာကြောင့် လွတ်လပ်ရေးပြန်ရခဲ့တာပါ။ ဂျာမနီနိုင်ငံ အရှေ့ဘာလင်ထိကို ကျွန်တော်တို့ ဆိုဗီယက်တပ်တွေ တက်သိမ်းခဲ့တာရှိတယ်။ ဒါသမိုင်းမှာ ဒီလိုပဲတွေ့ပါတယ်။ နောက်ပထဝီနိုင်ငံရေးပေါ့။ ခုနကဖြစ်ခဲ့တဲ့ သမိုင်းမှာဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေကြည့်ရင်လည်း ပထဝီနိုင်ငံရေးကြောင့်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်(၁)အချက်ကတော့ နေရာပေါ့။ နောက်တစ်ခုကတော့ ဒီသယံဇာတမြေပေါ် မြေအောက်သယံဇာတပစ္စည်းတွေပေါ့။ ဒီအပေါ်မှာမူတည်ပြီးတော့ ဖြစ်လာတာပေါ့။ ပထဝီနိုင်ငံရေးကတော့ အရေးပါပါတယ်။ အခုချိန်ထိလည်း ပထဝီနိုင်ငံရေးကြောင့်ပဲ နိုင်ငံကြီးတွေက နိုင်ငံငယ်တွေ သို့မဟုတ် တခြားနိုင်ငံတွေကိုပဲ မျက်စောင်းထိုးနေကြတာပေါ့။ သူတို့ ဘာလုပ်လို့ရမလဲပေါ့။ ဒါကြောင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး စပြီးတော့ နယ်ပယ်တွေပေါင်းစုံပြီးတော့မှ ဖိအားတွေမျိုးစုံပေးနေတာလည်း ကျွန်တော်တို့တွေ့တယ်။ အခုပြောမယ်ဆိုရင်တော့ ခုနကပြောတဲ့ ဒီအဆွေတော်နိုင်ငံရဲ့ နှစ်(၈၀) ပြည့် မဟာမျိုးချစ်စစ်ပွဲအောင်ပွဲအခမ်းအနားဆိုတာ တော်တော်ကြီးကို ထူးခြားတဲ့ပွဲတစ်ပွဲပေါ့။ နောက်ဒီတိုက်ခိုက်တဲ့အခါမှာလည်း ဆိုဗီယက် ရုရှားပြည်သူ ၂၆ သန်း အသက်ပေးပြီး တိုက်ခိုက်တာရှိတယ်။ ကမ္ဘာစစ်မှာတော့ ဒါအသေအပျောက်အများဆုံး စွန့်လွှတ်စွန့်စားစွာ တိုက်ခိုက်တဲ့ တိုက်ပွဲတစ်ပွဲ မော်ကွန်းထိုးတဲ့ ဖြစ်စဉ်တစ်ခုလို့ ကျွန်တော်ပြောချင်တယ်။

**မေး။ ဒီကျွန်တော်တို့ သမိုင်းတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဒုတိယကမ္ဘာစစ်မှာဆိုရင်လည်း ဆိုဗီယက်ပြည်ထောင်စုကနေပြီးတော့ ကျွန်တော်တို့အောင်ပွဲကို အောင်အောင်မြင်မြင်နဲ့တိုက်ထုတ်ခဲ့တာရှိပါတယ်။ ဒါဖြစ်ရပ်မှန်သမိုင်းအမှန် ဖြစ်ပါတယ်။ ဒါပေမဲ့ အနောက်နိုင်ငံတွေက ဒီသမိုင်းနဲ့ပတ်သက်ပြီးတော့ ဒီအနောက်နိုင်ငံတွေကပဲ ဒီသမိုင်းထဲမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့တဲ့ အနိုင်ရခဲ့တဲ့ပုံစံမျိုး Video မှတ်တမ်းတွေနဲ့သမိုင်းကို ပြန်လည်ပြင်ဆင်ချင်တာတွေရှိပါတယ်။ အထူးသဖြင့်တော့ ရုရှား-ယူကရိန်းဖြစ်တဲ့ ပဋိပက္ခနဲ့ပတ်သက်ပြီးတော့ ရုရှားဘက်ကနေပြီးတော့မှ ခုနကလိုမျိုး ကျူးကျော်တယ်ဆိုတဲ့ ပုံစံမျိုးဖြစ်အောင် သူတို့ဘက်ကနေပြီးတော့ သတင်းမီဒီယာတွေကနေ တစ်ဆင့် ပုံဖော်နေတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ အဆွေတော်အနေနဲ့ ကျွန်တော်သိချင်တာက အဆွေတော်နဲ့အတူရှိခဲ့ဖူးတဲ့သမိုင်းတွေကို ဘာလို့အနောက်နိုင်ငံတွေက ဘာလို့ပြင်ချင်တာလဲ ဒီအပေါ်မှာရော အဆွေတော်အနေနဲ့ ဘယ်လိုမျိုးမြင်လည်းဆိုတာကို သိချင်ပါတယ်။**

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ဖြေ။ သမိုင်းဆိုတာ လိမ်လို့မရဘူး ဖုံးလို့လည်းမရဘူး။ သမိုင်းက အရှိအတိုင်းပဲဖြစ်ရမယ်။ ဖက်ဆစ်နာဇီတွေရဲ့ လုပ်ဆောင်ချက်ကိုလည်း ဖုံးလို့မရသလိုဘဲ ဆိုဗီယက်ပြည်ထောင်စုရဲ့ ဖက်ဆစ်တွေကို ပြန်တိုက်ခဲ့တဲ့သမိုင်းကိုလည်း ဖုံးလို့မရဘူး။ ပြင်လို့လည်းမရဘူး။ သမိုင်းကသမိုင်းအတိုင်း အကုန်လုံးရှိရမယ်။ ဒါဘယ်လိုမှငြင်းလို့လည်းမရဘူး။ ဒါကြောင့် သူတို့ကတော့ သူတို့ရဲ့မှားယွင်းခဲ့တဲ့လုပ်ဆောင်ချက်တွေကို နောင်လာမယ့်လူတွေအတွက် မှတ်တမ်းတွေမသိနိုင်အောင်လို့ ဒါတွေကို ပြင်ချင်လို့လည်းဖြစ်မယ်။ New world Order သွားချင်တာ။ နောင်လူငယ်တွေအတွက် New World Order သွားဖို့လည်း ဖြစ်ချင်တာလည်းပါပါလိမ့်မယ်။ တိုင်းပြည်တစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့အချုပ်အခြာအာဏာ ထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ။ နောက်တစ်ခုကတော့ သူတို့ရဲ့ လိုအင်ဆန္ဒတွေ အတ္တတွေပေါ့။ ဒါတွေရှိလာလို့ရှိရင်လည်း ပြဿနာရှာပြီးတော့ ဒီပြဿနာကို ပြောကြတာပဲ။ ဖြေရှင်းကြတာပဲ။ ဒါမျိုးတွေကတော့ ကမ္ဘာမှာလည်း တကယ့်သမိုင်းဖြစ်ရပ်မှန်တွေမှာ ကျွန်တော်တို့ တွေ့ပါတယ်။ ခုနကပြောတဲ့ ယူကရိန်းနဲ့ ရုရှားနိုင်ငံဖြစ်စဉ်ကိုကြည့်လည်း ဒီတိုင်းပါပဲ။ တကယ်တမ်းပြောလို့ရှိရင်တော့ သမိုင်းကိုပြောင်းပြန်လှန်ဖို့အတွက် ကြိုးစားနေတယ်လို့ပဲ ကျွန်တော်တွေ့ပါတယ်။ ရုရှားနိုင်ငံကလည်း ရုရှားနိုင်ငံရဲ့ အရင်ကဆိုဗီယက်နိုင်ငံ ဆိုဗီယက်ပြည်ထောင်စုရဲ့ အတိတ်အတွေ့အကြုံကိုယူပြီးတော့မှ ရုရှားနိုင်အချုပ်အခြာအာဏာ မထိခိုက်အောင် လုပ်ကြတာဖြစ်တယ်လို့ ကျွန်တော်တို့တွေ့တယ်။

**မေး။ RT တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့မေးချင်တာကတော့ ယူကရိန်းနိုင်ငံနဲ့ပတ်သက်လို့ အနောက်နိုင်ငံတွေက အထူးသဖြင့် EU နဲ့ UK ကနေပြီးတော့ ဘဏ္ဍာရေးနဲ့စစ်ရေးဆိုင်ရာ စဉ်ဆက်မပြတ် ထောက်ပံ့မှုတွေကို နောက်ကွယ်ကနေပြီး ထောက်ပံ့နေတယ်လို့ သိရှိရပါတယ်။ ဒါနဲ့ပတ်သက်လို့ အဆွေတော် ဘယ်လိုမြင်ပါသလဲ။ ဝါရှင်တန်ကတော့ ယူကရိန်းနဲ့ ရုရှားအရေးအခင်းနဲ့ ပတ်သက်လို့ သံတမန်ရေးအရရှင်းလင်းဖို့ တွန်းအားပေးနေတာကိုလည်း တစ်ကမ္ဘာလုံးက သိပါတယ်။ ဒါပေမဲ့ ဒါကို EU နိုင်ငံတွေနဲ့ UK အဖွဲ့ဝင်နိုင်ငံတွေက သံတမန်ရေးအရ ဖြေရှင်းဖို့နည်းလမ်းကို ကောင်းကောင်းမပေးဘဲနဲ့ စစ်ရေးနဲ့ စစ်လက်နက်ပစ္စည်းနဲ့ ဘဏ္ဍာရေးကို ထောက်ပံ့နေတာတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း အဆွေတော်အနေနဲ့ ဘယ်လိုမြင်လဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ စစ်ဆိုတာတော့ မဖြစ်တာအကောင်းဆုံးပဲ။ ပဋိပက္ခဆိုတာလည်း ကောင်းကောင်းမွန်မွန် ပြန်လည်ဖြေရှင်းနေတဲ့နည်းလမ်းနဲ့သွားတာ၊ ညှိနှိုင်းဖြေရှင်းတဲ့နည်းလမ်းနဲ့ သွားတာအကောင်းဆုံးပဲ။ ပဋိပက္ခတွေကြီးလာတယ်ဆိုတာလည်း အားပေးထောက်ခံမှုတွေ အားပေးထောက်ပံ့မှုတွေများလို့ ဖြစ်လာတာ။ အားပေးထောက်ပံ့မှုမရှိလို့ရှိရင် ပဋိပက္ခဆိုတာ ကြီးလာစရာတော့မရှိပါဘူး။ တချို့က နှစ်နိုင်ငံဖြစ်တဲ့ ပြဿနာရှိမယ်။ ပဋိပက္ခက အဲဒီမှာ သူ့ကို ဝိုင်းအားပေးကြတယ်။ ထောက်ခံပေးကြတယ်။ ကူညီပံ့ပိုးပေးတယ်။ စစ်လက်နက်ပစ္စည်းတွေ၊ ငွေကြေးတွေ၊ စားနပ်ရိက္ခာတွေ စသဖြင့်ကူညီပေးတာပေ့ါ။ ဒီလိုပဲ လုပ်လာကြတာ။ အဲဒီတော့ ဒါတွေကပဋိပက္ခပိုပြီးကြီးမားလာတဲ့ဟာတွေ ဖြစ်လာတယ်။ ဒါမျိုးမဖြစ်ဖို့ဆိုရင် အားပေးကူညီတာမျိုးမလုပ်တာက အကောင်းဆုံးပဲ။ ဒါတွေဆိုရင် နိုင်ငံရေးအရ ဖြေရှင်းပေ့ါ။ ဒီလိုတော့ သွားရမှာပေ့ါ။ စောစောက ခင်ဗျားမေးတယ်။ EU ကနေပြီးတော့ပဋိပက္ခနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ချက်နဲ့ပတ်သက်ပြီးဆိုတော့ သူတို့ ရည်ရွယ်ချက်က ဘာလဲပေ့ါ။ သူတို့ ရည်ရွယ်ချက်က ဘာလဲ။ ပဋိပက္ခ ကြာရှည်အောင်ဖြစ်ပြီးတော့မှ စစ်ပန်းအောင်လို့ လုပ်တာ၊ ဒါလည်း စဉ်းစားရမယ့် တစ်ချက်ပဲ။ တကယ်တမ်းတော့ ပဋိပက္ခမဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်တာတော့ အကောင်းဆုံးနည်းလမ်းပါဘဲ။ ကျွန်တော်ကတော့ အားပေးထောက်ပံ့မှု မလုပ်သင့်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ညှိနှိုင်းပေ့ါ။ ဘာ့ကြောင့်ဖြစ်တာလဲ။ ပြဿနာ ဘာ့ကြောင့် ဖြစ်တာလဲ။ ပြဿနာဖြစ်လာတဲ့အကြောင်းအရင်းကို ကျွန်တော်တို့ ပြန်ရှာရမှာပေ့ါ။ သမိုင်းမှာရှိခဲ့တယ်။ လွန်ခဲ့တဲ့ ၁၀ စုနှစ် ၁ ခု ၂ ခုအတွင်းမှာဖြစ်ခဲ့တဲ့အခြေအနေကို ကြည့်လိုက်လို့ရှိရင် ဘာ့ကြောင့် ယူကရိန်းနဲ့ ရုရှားပြဿနာဖြစ်တာလဲဆိုတာ အဖြေရှိနေပါတယ်။ ဒါကို အဖြေမှန် အတိုင်းကြည့်ပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင် ဒီပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျွန်တော်တော့ ယူဆပါတယ်။

**မေး။ ခုနကမေးခွန်းနဲ့ဆက်စပ်ပြီး တစ်ဆက်တည်းမေးချင်တာကတော့ ယူကရိန်း ပဋိပက္ခဖြေရှင်းပြီးတဲ့နောက်မှာ အမေရိကန်က တရုတ်နဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေကို တိုးမြှင့်လုပ်ဆောင်လိမ့်မယ်လို့ တချို့က စိုးရိမ်နေကြတာတွေလည်း ရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့မကြာခင်မှာ စစ်ရေးတင်းမာမှုတွေ တစ်နည်းနည်းနဲ့ ဖြစ်လာနိုင်မယ်လို့ ကြိုတင်မျှော်လင့်ထားပါသလားခင်ဗျာ။**

ဖြေ။ ဖြစ်နိုင်စရာအကြောင်းလည်း ရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒီ(၁၉၅၀)ပြည့်လွန်ကာလနောက်ပိုင်းမှာ ဒီအမေရိကန်ကနေပြီးတော့ တရုတ် China Containment Policy နဲ့ပတ်သက်ပြီး စတင်ဆောင်ရွက်ခဲ့တာ သမိုင်းမှာရှိခဲ့တော့ အခုက ပြိုင်ဘက်ဖြစ်လာပြီ။ တရုတ်နိုင်ငံနဲ့ အမေရိကန်က ပြိုင်ဘက်ဖြစ်လာတဲ့ အခါကျတော့ ဘာပဲပြောပြော သူ့ကိုတော့ ပြိုင်ဘက်တစ်ခုနဲ့ ပြန်ပြီးတော့ ထိန်းဖို့၊ လုပ်ဖို့ လုပ်နိုင်မယ်လို့ ကျွန်တော်တော့ ယူဆပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ကလည်း ဒါကတော့ မဖြစ်အောင် ကျွန်တော်တို့က ညှိနှိုင်းဆွေးနွေးဆောင်ရွက်တာမျိုး နိုင်ငံတွေအနေနဲ့ အားလုံးညှိနှိုင်းဆောင်ရွက်တာမျိုး လုပ်သင့်တယ်လို့ ကျွန်တော်တော့ယူဆပါတယ်။ ဒါသူတို့နှစ်နိုင်ငံချင်းနဲ့တော့ မဆိုင်ဘူး။ ကျန်တဲ့ဟာတွေပါ ပါလာတယ်။ နှစ်နိုင်ငံတည်းနဲ့တော့ ပြဿနာတော့ အကြီးအကျယ်ဖြစ်မှာမဟုတ်ဘူး။ ကျန်တဲ့နိုင်ငံတွေပါ ပါလာမှ ပိုပြီးပြဿနာပိုရှုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တော့ အဲဒီလိုမြင်တာပေ့ါလေ။

**မေး။ ခုနကအဆွေတော် ပြောသွားတဲ့ထဲမှာ ပတ်သက်လို့ ဒီပြဿနာက တရုတ်နဲ့ အမေရိကန်နှစ်နိုင်ငံရဲ့ ပြဿနာမဟုတ်ဘဲနဲ့ အကြမ်းဖက်နယ်မြေတွေပါလာမှ ပြဿနာပိုကြီးလာမယ်လို့ ကျွန်တော် သိရှိရပါတယ်။ ဒါနဲ့ပတ်သက်လို့ မြန်မာနိုင်ငံအနေနဲ့လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကြားထဲမှာ တင်းမာမှုတွေ မြင့်တက်နေတာကို မြန်မာနိုင်ငံအနေနဲ့ ဒီဘယ်လိုမျိုးထိန်းညှိပေးလို့ရမလဲ။ ဘယ်လိုမျိုး ထိန်းညှိပေးဖို့အတွက်ရော စီစဉ်ထားလဲဆိုတာလေးလည်း အဆွေတော်ရဲ့ အမြင်လေးကို သိရှိလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒကတော့ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးနေတာပေါ့ နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက်ဆက်ဆံရေးကျင့်သုံးတဲ့ နိုင်ငံဖြစ်ပါတယ်။ အမေရိကန်နိုင်ငံနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ မိတ်ဆွေနိုင်ငံတစ်ခုပါပဲ။ သို့သော်လည်းပဲ တရုတ်နိုင်ငံကတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံအထဲမှာလည်းဖြစ်သလို အိမ်နီးနားချင်းနိုင်ငံထဲမှာလည်း မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်တယ်။ ဆွေမျိုးပေါက်ဖော်နိုင်ငံဖြစ်တယ်။ သူများနိုင်ငံတွေထက် ပိုထူးခြားတဲ့ဆက်ဆံရေးရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီနှစ်နိုင်ငံလုံးနဲ့ ပတ်သက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ထိတွေ့ဆက်ဆံသွားဖို့ ရှိပါလိမ့်မယ်။

**မေး။ အာရှပစိဖိတ်ဒေသမှာ ကျွန်တော်တို့ NATO နဲ့ပတ်သက်ပြီးတော့ တိုးမြှင့်လာတဲ့ပတ်သက်ပြီး အဆွေတော်အနေနဲ့ရော ဘယ်လိုမျိုးသုံးသပ်ပါသလဲ။ ဒီလိုမျိုးဒေသအတွင်းမှာ မြန်မာနိုင်ငံနဲ့ သက်ဆိုင်တဲ့ဒေသအတွင်းမှာ အင်အားကြီးတာနဲ့ပတ်သက်ပြီးတော့ အန္တရာယ်ရှိလာနိုင်တယ်လို့ရော ခန့်မှန်းပါသလား။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အဆွေတော်ရဲ့အတွေးကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ပြောဲ စိုးရိမ်တာတော့ အမှန်ပဲ။ ဘာမှလည်းမဆိုင်ဘူးလေ။ ဒီအရှေ့အာရှပစိဖိတ်ဒေသနဲ့ NATO က ဘာမှတော့မဆိုင်ပါဘူး။ ကျွန်တော်တို့တော့ စိုးရိမ်ပါတယ်။ ဘာမှလည်းမဆိုင်ဘူးလို့ ကျွန်တော်တော့ပြောချင်တယ်။ ဒီဒေသက အာရှပစိဖိတ်ဒေသဆိုတာ အာရှဆိုတာ ကုန်းမြေဒေသပေ့ါ။ ပစိဖိတ်ဒေသဆိုတော့ ကုန်းမြေဒေသနဲ့ ပင်လယ်ကမ်း၊ ပင်လယ်သမုဒ္ဒရာဒေသတွေ ပေါင်းစည်းထားတဲ့ နယ်မြေတစ်ခုပဲ။ ဘာပြောပြော မဟာဗျူဟာအရ အရေးပါတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ဒါကို ငြိမ်းချမ်းစွာလုပ်နိုင်မယ်ဆိုရင်တော့ ကမ္ဘာ့အတွက် အများကြီး အကျိုးရှိမယ့် လုပ်ငန်းတစ်ခုပါပဲ။ ဒါပေမဲ့လည်း အင်အားကြီးနိုင်ငံကနေပြီးတော့ ဥပမာအားဖြင့် ခုနကပြောတဲ့ထဲမှာ NATO တင် မဟုတ်ဘူးဗျ။ အိန္ဒိယတို့၊ ဩစတြေးလျတို့၊ ဂျပန်တို့၊ အမေရိကန်တို့ ပေါင်းစည်းပြီးတော့လည်း သူတို့ ဒီမှာအင်အားထိန်းညှိဖို့အတွက် လုပ်နေတာလည်း ကျွန်တော်တို့ တွေ့တယ်။ ဒါတွေက ပဋိပက္ခကို ပိုကြီးမားလာစေမယ်လို့ပဲ ကျွန်တော်တော့ မြင်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းတဲ့နည်းနဲ့ပဲသွားတာတော့ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော်ယူဆတယ်။ စိတ်ပူတာတော့ အမှန်ပဲ၊ စိတ်ပူတယ်။

**မေး။ ဒါနဲ့တစ်ဆက်တည်း ကျွန်တော်မေးချင်တဲ့မေးခွန်းလေးတော့ အနောက်နိုင်ငံကြီး တော်တော်များများက လွှမ်းမိုးမှု၊ ထိန်းသိမ်းမှုကြိုးစားနေတဲ့အချိန်မှာ နိုင်ငံတကာဆက်ဆံရေးရဲ့ အနာဂတ်ကို ပုံဖော်ပေးမယ့် ဗဟုဝင်ရိုးသဘောတရား Multipolar သဘောတရားနဲ့ ပတ်သက်ပြီးတော့ အဆွေတော် ဘယ်လိုမြင်ပါသလဲ။ နောက်လက်ရှိ အခြေအနေမှာ အနောက်နိုင်ငံတွေက သူတို့ရဲ့ စိတ်ဝင်စားမှုနဲ့ သူတို့ရဲ့ လိုလားချက်အတွက် သူတို့ကတော့ သူတို့တတ်နိုင်သမျှ Dominate လုပ်ပြီးတော့မှ နိုင်ငံတွေကို ဖိအားတွေပေးနေတာပေ့ါ။ ဒါနဲ့ပတ်သက်ပြီးတော့ ဗဟုဝင်ရိုး သဘောတရားနဲ့ ပတ်သက်ပြီးတော့ အဆွေတော်အနေနဲ့ ဘယ်လိုမျိုးမြင်ပါသလဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ အရင်တုန်းကတော့ Unipolar နဲ့ အမေရိကန်အနောက်အုပ်စုကနေပြီးတော့ Unipolar နဲ့ ကမ္ဘာကြီးကို ထိန်းချုပ်လာခဲ့တာပေ့ါ။ နောက်ကျတော့ Bipolar ဖြစ်လာတယ်။ Bipolar ကနေ တစ်ခါထပ်ပြီးတော့ Unipolar ပြန်ဖြစ်သွားတယ်။ ဒါအနောက်နိုင်ငံက အားသာသွားတာပေ့ါ။ ဒါပေမဲ့ ဒီဘက်ခေတ်ကကျတော့ ခင်ဗျားတို့ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့က စစ်ရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ သိပ္ပံနဲ့ နည်းပညာအရသော်လည်းကောင်း တော်တော်ကြီးကို တိုးတက်လာတယ်။ တိုးတက်လာတော့ ဒါ Multipolar သဘောတွေ ကျွန်တော်တို့ ဖြစ်လာတယ်။ ဒါကတော့ ဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲ။ ကမ္ဘာကြီးကို တစ်ယောက်ကနေ ကိုင်ပြီးတော့မှ လုပ်တဲ့ဟာမျိုးကတော့ ဘယ်လိုမှမဖြစ်သင့်ဘူး။ ကျွန်တော်တို့ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဒီဒဏ်ကို တော်တော်လေးခံကြရပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ကတော့ Multipolar စနစ်ကို သွားတာကတော့ အကောင်းဆုံးပဲ။ ကမ္ဘာကြီးမှာရှိနေတဲ့ အကြောင်းခြင်းရာတွေကို မျှဝေခံစားတာကတော့ အကောင်းဆုံးပဲ။ မျှမျှတတဆောင်ရွက်တာလည်း အကောင်းဆုံးပဲ။ မျှဝေခံစားတာလည်း အကောင်းဆုံးပဲ။ မမျှမတဖြစ်လို့သာ အခုပဋိပက္ခတွေ ဖြစ်လာတာပေ့ါ။ ဒ့ါကြောင့် ပဋိပက္ခမဖြစ်အောင်ဆိုလို့ရှိရင် Multipolar စနစ်ကတော့ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ကတော့ ယူဆပါတယ်။

**မေး။ ကျွန်တော့်အနေနဲ့ ဒီခုနက Multipolar World နဲ့ပတ်သက်ပြီးတော့ မေးချင်တဲ့မေးခွန်းကတော့ လက်ရှိမြန်မာနိုင်ငံအပါအဝင် တခြားနိုင်ငံတော်တော်များများက Multipolar World ကို ထောက်ခံနေတယ်လို့သိရှိရပါတယ်။ ဒီဟာနဲ့ပတ်သက်လို့အနောက်နိုင်ငံတွေကနေပြီးတော့ သူတို့ရဲ့အရင်တုန်းက Unipolar World ကို သူတို့က ပြန်သွားချင်နေတယ်။ ဒီလိုပြန်သွားချင်တဲ့ဟာကို မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံတွေက Multipolar World သွားဖို့ အကောင်အထည်ဖော်နိုင်အောင် အောင်မြင်ဖို့နဲ့ ဒီ Multipolar World ကို ဖယ်ထုတ်ဖို့တွက် ဘယ်လိုမျိုး နည်းဗျူဟာတွေ ကျင့်သုံးရမယ်လို့ အဆွေတော်ထင်ပါသလဲ။ ဒီဟာနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့ယုံကြည်မှုလေးတွေ သိရှိလိုပါတယ်။**

စာမျက်နှာ ၅ သို့ ☆

> ❖ **ဒီဘက်ခေတ်ကကျတော့ ခင်ဗျားတို့ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့က စစ်ရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ သိပ္ပံနဲ့နည်းပညာအရ သော်လည်းကောင်း တော်တော်ကြီးကို တိုးတက်လာတယ်။ တိုးတက်လာတော့ ဒါ Multipolar သဘောတွေ ကျွန်တော်တို့ ဖြစ်လာတယ်။ ဒါကတော့ ဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲ။ ကမ္ဘာကြီးကို တစ်ယောက်ကနေ ကိုင်ပြီးတော့မှ လုပ်တဲ့ဟာမျိုးကတော့ ဘယ်လိုမှမဖြစ်သင့်ဘူး။ ကျွန်တော်တို့ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဒီဒဏ်ကို တော်တော်လေးခံကြရပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ကတော့ Multipolar စနစ်ကို သွားတာကတော့ အကောင်းဆုံးပဲ။ ကမ္ဘာကြီးမှာရှိနေတဲ့ အကြောင်းခြင်းရာတွေကို မျှဝေခံစားတာကတော့ အကောင်းဆုံးပဲ။ မျှမျှတတဆောင်ရွက်တာလည်း အကောင်းဆုံးပဲ။ မျှဝေခံစားတာလည်း အကောင်းဆုံးပဲ။ မမျှမတဖြစ်လို့သာ အခုပဋိပက္ခတွေ ဖြစ်လာတာပေ့ါ။ ဒ့ါကြောင့် ပဋိပက္ခမဖြစ်အောင်ဆိုလို့ရှိရင် Multipolar စနစ်ကတော့ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ကတော့ ယူဆပါတယ်။**

> **❖ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ ပိုလုပ်ဖို့လိုတယ်။ စောစောက နိုင်ငံတွေကတော့ ကမ္ဘာမှာ ထိပ်ဆုံးမှာ၊ ထိပ်မှာရှိတဲ့ နိုင်ငံတွေဖြစ်တော့ ခင်ဗျားတို့ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ ဒီလိုနိုင်ငံမျိုးတွေက ဦးဆောင်နိုင်တဲ့ အခြေအနေရှိတဲ့ နိုင်ငံတွေ သူတို့နိုင်ငံတွေအနေနဲ့ ပူးပေါင်းပြီးတော့ မျှမျှတတဆောင်ရွက်သွားမယ်ဆိုရင် Multipolar ကတော့ ကျွန်တော်တို့ကတော့ Global ဖြစ်လာပါလိမ့်မယ်။**

☆ စာမျက်နှာ ၄ မှ

ဖြေ။ ခုနက ကျွန်တော်ပြောတာ သုံးနိုင်ငံရှိတယ်။ သုံးနိုင်ငံပေါ့ ဒီသုံးနိုင်ငံကတော့ ကမ္ဘာပေါ်မှာလည်း မျှမျှတတဆောင်ရွက်ပေးနေတဲ့ နိုင်ငံတွေလို့ ကျွန်တော်တို့မြင်တယ်ဗျ။ အဲဒီတော့ဒါတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ကိုယ်ကိုယ်တိုင်ကလည်း ကြိုးစားရမှာပေ့ါ၊ ကိုယ်ကိုယ်တိုင်ကလည်း မကြိုးစားလို့တော့မဖြစ်နိုင်ဘူး။ ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ရဲ့ စီးပွားရေး အတတ်ပညာစသဖြင့် ဒါတွေလည်း ကျွန်တော်တို့က ဖွံ့ဖြိုးတိုးတက်အောင်လို့ လုပ်ကြရမှာပေ့ါ။ တစ်ဖက်ကလည်း နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ ပိုလုပ်ဖို့လိုတယ်။ စောစောက နိုင်ငံတွေကတော့ ကမ္ဘာမှာ ထိပ်ဆုံးမှာ၊ ထိပ်မှာရှိတဲ့ နိုင်ငံတွေဖြစ်တော့ ခင်ဗျားတို့ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ ဒီလိုနိုင်ငံမျိုးတွေက ဦးဆောင်နိုင်တဲ့ အခြေအနေရှိတဲ့ နိုင်ငံတွေ သူတို့နိုင်ငံတွေအနေနဲ့ ပူးပေါင်းပြီးတော့ မျှမျှတတဆောင်ရွက်သွားမယ်ဆိုရင် Multipolar ကတော့ ကျွန်တော်တို့ကတော့ Global ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့ ဒီ Unipolar ကတော့ ဘယ်သူမှလက်ခံနိုင်မှာ မဟုတ်ဘူး။ ဒီဒဏ်ကို ကျွန်တော်တို့ ဖြတ်သန်းလာခဲ့တဲ့ နိုင်ငံတွေအားလုံး ကြုံတွေ့လာနိုင်တာတွေအားလုံးက အကုန်လုံးသိတယ်။ ခါးသီးတဲ့အရသာကို ကျွန်တော်တို့ သိတယ်။ ဒါကြောင့် ဘယ်သူမှတော့ အဖြစ်ခံမှာမဟုတ်တော့ဘူး။ နိုင်ငံတွေကလည်း အကုန်လုံး ကြိုးစားနေကြတာပဲ နိုင်ငံတွေအားလုံးကလည်း လူတွေက မတ်တတ်ရပ်ရင်ကျန်ခဲ့မှာပေ့ါ။ မတ်တတ်ရပ်ပြီးနေလိုက်ရင် ကျန်ခဲ့မယ်။ လမ်းလျှောက်သူတွေကတော့ ကျော်သွားမှာပဲ။ အဲဒီတော့ အကုန်လုံးက လမ်းလျှောက်နေကြတာ၊ လမ်းလျှောက်နေကြတာ။ ဒါကြောင့်သူတို့တိုးတက်အောင်လုပ်နေတာဖြစ်တဲ့အတွက်ကြောင့်တော့ ခုနကပြောခဲ့တဲ့သမိုင်းမှာ ဖြစ်ခဲ့တဲ့အတိတ်ဖြစ်ရပ်တွေအရ နိုင်ငံတွေက သူတို့နိုင်ငံတွေ ဒီလိုမဖြစ်အောင်ဆိုတဲ့ စိတ်တွေ အကုန်လုံးရှိကြတယ်။ အဲဒီအချိန်မှာ စောစောကပြောခဲ့တဲ့ ဦးဆောင်တဲ့ နိုင်ငံတွေနဲ့ ပေါင်းပြီးတော့ လုပ်မယ်ဆိုရင် Unipolar ကိုတော့ ဘယ်လိုမှ ဖြစ်လာစေမှာမဟုတ်ဘူးလို့တော့ ကျွန်တော်တော့တွေ့ရပါတယ်။

**မေး။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလို့သိရှိရပါတယ်၊အာဆီယံအဖွဲ့ဝင်ဆိုတာလည်းကျွန်တော်တို့ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းတွေမှာဆိုလည်း ဩဇာတိက္ကမ ကြီးမားတဲ့ အဖွဲ့ဝင်နိုင်ငံ အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်၊ မြန်မာနိုင်ငံအနေနဲ့ အာဆီယံရဲ့အဖွဲ့မှာရော ဘယ်လိုမျိုး အခန်းကဏ္ဍကနေပါဝင်လုပ်ဆောင်နေပါသလဲ။**

ဖြေ။ ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ အာဆီယံရဲ့ ပဋိညာဉ်အတိုင်းပေ့ါ ပူးပေါင်းဆောင်ရွက်မှုတွေ ကျွန်တော်တို့အကုန်လုံး အပြည့်အဝလုပ်ပါတယ်။ အာဆီယံရဲ့ ရည်ရွယ်ချက်ကတော့ တကယ်ကောင်းတဲ့ရည်ရွယ်ချက်နဲ့ပါပဲ။ ဒါကြောင့် ကျွန်တော်တို့က ဒီမြန်မာနိုင်ငံအနေနဲ့ မှန်ကန်တဲ့ပေ့ါ သူ့ရဲ့မှန်ကန်တဲ့လမ်းကြောင်းပေါ်ကနေလုပ်ဖို့အတွက်ကို ကျွန်တော်တို့က စိတ်ဆန္ဒလည်းရှိပါတယ်။ လုပ်လည်းလုပ်နေပါတယ်။ အာဆီယံဘက်ကလည်းအာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံနဲ့ တစ်နိုင်ငံချင်းရဲ့ သဘောထားတွေတော့ တချို့ဟာတွေ ကွဲပြားခြားနားမှုတွေရှိပါတယ်၊ သို့သော်လည်းပဲ သူ့ရဲ့အခြေခံအချက်အလက်တွေရှိပြီးသားပဲ။ ဒီအခြေခံအချက်တွေပေါ် မူတည်ပြီးတော့ လုပ်နိုင်ဖို့ပဲ အရေးကြီးတယ်လို့ ကျွန်တော်ပြောချင်တယ်။

**မေး။ တစ်ဆက်တည်းမှာ ကျွန်တော်တို့ ထပ်ပြီးမေးလိုတာကတော့ ဒီအာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒီအာဆီယံအဖွဲ့အစည်းနဲ့ ရုရှားနဲ့ ဒီအနာဂတ်ဆက်ဆံရေးကိုရော ဒီဘယ်လိုမြင်လဲဆိုတာလေးလဲ သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ရုရှားနဲ့ ရုရှားနိုင်ငံက အာဆီယံအတွက်တော့ အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်တာပေ့ါလေ ကျွန်တော်တို့ရဲ့ အခု ၂၀၂၄ ခုနှစ်ကနေ ၂၀၂၇ ခုနှစ်အထိ ကျွန်တော်တို့ရဲ့နိုင်ငံက အာဆီယံနဲ့ ရုရှားနိုင်ငံရဲ့ဆက်ဆံရေးကိုလည်း ညှိနှိုင်းရေး တာဝန်ယူထားတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ အရင်တုန်းက ကျွန်တော်တို့က တရုတ်နဲ့ အရင်ကာလက ကျွန်တော်တို့လုပ်ခဲ့ပါတယ်။ တရုတ်လည်း အောင်အောင်မြင်မြင် ကျွန်တော်လုပ်ခဲ့ပေးတယ်။ ကျွန်တော်တို့အခုဆိုလည်း ရုရှားနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က ညှိနှိုင်းခဲ့တဲ့ နိုင်ငံတစ်ခုအနေနဲ့ တာဝန်ယူထားတာပေ့ါ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေနိုင်ငံတစ်ခုဖြစ်တဲ့အတွက်ကြောင့်လည်း ရုရှားနဲ့အာဆီယံနိုင်ငံ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ပိုကောင်းအောင်လုပ်ပေးဖို့ ကျွန်တော်တို့လည်း ဆန္ဒရှိပါတယ်။ ရုရှားက အာဆီယံအတွက်တော့ အရေးပါတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ ဆွေးနွေးဖက်နိုင်ငံထဲမှာလည်း ပါနေပြီဖြစ်ပါတယ်။ ဒါကြောင့် ရှေ့ဆက်ကာလတွေမှာတော့ အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်မှုတွေမှာ ရုရှားနိုင်ငံဟာ အရေးပါတဲ့အနေအထားမှာ ရှိလာနိုင်မယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ တစ်ဖက်ကလည်း ရုရှားနိုင်ငံကလည်း ဒီအာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကို ကဏ္ဍပေါင်းစုံတိုးချဲ့နိုင်ဖို့အတွက်လည်း စဉ်းစားဆောင်ရွက်ပေးနိုင်ဖို့လည်း လိုပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး။ ကျွန်တော့်အနေနဲ့ ဒါကတော့ နိုင်ငံရေးနဲ့မဆိုင်တော့ပါဘူး။ ကျွန်တော်တို့သတင်းဌာနနဲ့သက်ဆိုင်တဲ့မေးခွန်းလေး မေးချင်ပါတယ်။ ကျွန်တော်တို့ RT သတင်းဌာနကတော့ နှစ်ပေါင်း ၂၀ ခန့် ရပ်တည်နေတာရှိပါတယ်။ ကျွန်တော်တို့ RT သတင်းဌာနနဲ့ပတ်သက်ပြီးတော့ RT သတင်းဌာနရဲ့ လုပ်ဆောင်နေမှုတွေ၊ သတင်းထုတ်ပြန်နေမှုတွေနဲ့ ပတ်သက်ပြီးတော့ အဆွေတော်ရဲ့ အမြင်လေးကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ RT သတင်းဌာနကတော့ တကယ့်ထိပ်တန်းသတင်းဌာနတစ်ခုလိုပဲ၊ သတင်းတင်ဆက်မှုအပိုင်းလည်း တော်တော်လေးကောင်းပါတယ်။ ကျွန်တော်လည်း မကြာခဏ ကျွန်တော် RT ကို ကြည့်ပါတယ်။ RT က သတင်းတင်ဆက်မှုတွေက ခိုင်လုံ၊ ခိုင်မာမှုတွေ တော်တော်များများရှိတာပေ့ါ။ အကြောင်းအရာနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံလေး ပြောနိုင်တာရှိတယ်။ နောက်သမိုင်းကြောင်းနဲ့ပတ်သက်ပြီးတော့ ဖော်ထုတ်ပြီးတော့ တင်ပြတဲ့အခါမှာလည်း တော်တော့်ကိုအတုယူစရာတွေ ကျွန်တော်တို့တွေ့တယ်။ ကျွန်တော်တော့ အဲဒီကနေရတဲ့ ပညာတွေလည်း အများကြီး၊ အများကြီးရှိပါတယ်။ အဲဒါကြောင့် RT ကတော့ တကယ်ကောင်းတဲ့သတင်း၊ အဆင့်မြင့်မားတဲ့သတင်းဌာနတစ်ခုလို့ ကျွန်တော်တော့မြင်ပါတယ်။ အနှစ် ၂၀ ကြာအောင် ကာလအတွင်းမှာ RT ရဲ့ အောင်မြင်မှုတွေကိုလည်း ဆက်လက်ပြီးတော့မှ ဒီထက်ပိုပြီးတော့ အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ရုရှား-မြန်မာ ချစ်ကြည်ရေးအပြင်ကို ရုရှားနိုင်ငံနဲ့ ကမ္ဘာပေါ်မှာ ဆက်ဆံနေရတဲ့ အခြေအနေမျိုးကိုလည်း RT ကနေပြီးတော့မှ ပိုပြီးကောင်းအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ပိုပြီးလည်း အောင်မြင်ပါစေလို့လည်း ဆုမွန်ကောင်းတောင်းပါတယ်။

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုမြင့်တင်ရေး စာပေဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် မေ ၁၇**

လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုမြှင့်တင်ရေး စာပေဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက မန္တလေးတိုင်းဒေသကြီး သားဖွားသင်တန်းကျောင်း(ပြင်ဦးလွင်)တွင် ကျင်းပရာ ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ်ခုတင်(၃၀၀)ဆံ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က စာပေဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် Women Club ဥက္ကဋ္ဌ ဒေါ်ကြူကြူက စာပေအသိပညာများ ဟောပြောခဲ့ပြီးနောက် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာကိုရွှေအောင်သင်းက "အနာဂတ်တိုင်းပြည်လှပဖို့ ငါတို့ရှင်သန်စို့" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် အဆိုပါဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာကိုရွှေအောင်သင်းက သားဖွားသင်တန်းကျောင်း(ပြင်ဦးလွင်)အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါစာပေဟောပြောပွဲသို့ မြန်မာစာပေယဉ်ကျေးမှုအသင်းအဖွဲ့ဝင်များ၊ သင်တန်းသူများ စုစုပေါင်း ၁၅၀ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**

## MSME လုပ်ငန်းရှင်များအားတွေ့ဆုံ၊ စားသုံးဆီရောင်းချမှုဆွေးနွေး

**မန္တလေး မေ ၁၇**

ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာပါရှိရေးနှင့် စားသုံးဆီများ သတ်မှတ်ကာလအတွင်း သတ်မှတ်ပမာဏကို သတ်မှတ်ဈေးနှုန်း ဖြင့် အရည်အသွေး၊ အလေးချိန်ပြည့်ဝစွာရောင်းချရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၅ ရက် ညနေ ၄ နာရီက စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရုံးတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးက အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်သား ပြည့်စုံစွာပါရှိရေး၊ ကုန်အညွှန်းအမှတ်အသားမရှိပါက လျှော့ကျထားစေရေးတို့ကို ဆွေးနွေးခဲ့သည်။

အလားတူ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးသည် မေ ၁၅ ရက် နံနက် ၁၁ နာရီ က ကျောက်ပန်းတောင်းမြို့နယ်တာဝန်ခံရုံးတွင် စားသုံးဆီလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ကာလအတွင်း သတ်မှတ်ပမာဏကို သတ်မှတ်ဈေးနှုန်းဖြင့် အရည်အသွေး၊ အလေးချိန်ပြည့်ဝစွာရောင်းချရေးဆွေးနွေး ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များ၏ သိလိုသော မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**

ဝ-ဝ-ဝ-ဝ

## ရတနာပုံအသင်းက ဒဂုံစတားယူနိုက်တက်အား အနိုင်ယူပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်

**ရန်ကုန် မေ ၁၇**

MNL League Cup 2025 အုပ်စု(ဃ)ပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ရတနာပုံအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် အောင်သူရိန်၊ ပွဲချိန် ၄၉မိနစ်တွင် ပြည့်မိုး၊ ပွဲချိန် ၉၈မိနစ်တွင် မျိုးဇော်ဦးတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ရတနာပုံအသင်း၏ ဂိုးသမားဖြစ်သူ ရန်လင်းထွန်းက ရရှိခဲ့သည်။

ရတနာပုံ အသင်းသည် MNL League Cup 2025 အုပ်စု(ဃ)ပွဲစဉ် သုံးပွဲကစားအပြီးတွင် သုံးပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၉မှတ်ဖြင့် အုပ်စုပထမနေရာမှ ဦးဆောင်နိုင်ခဲ့သည်။

ရတနာပုံ အသင်းသည် MNL League Cup 2025 အုပ်စု(ဃ) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြဝတီအသင်းနှင့် ရင်ဆိုင်ရဦးမည်ဖြစ်သော်လည်း စောစီးစွာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

**(NGB)**



### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| လိုက်ပဇစ် | ၂ - ၃ | စတုဂတ် |
| ဒေါ့မွန် | ၃ - ဝ | ဟော်စတိုင်း |
| ဟော်ဖန်ဟိမ်း | ဝ - ၄ | ဘိုင်ယန်မြူးနစ် |
| ဟိုင်ဒင်ဟိမ်း | ၁ - ၄ | ဝါဒါဘရီမင် |
| ဖရိုင်းဘတ် | ၁ - ၃ | ဖရန့်ဖတ် |

# အမှားတွေကို မြင်အောင်ကြည့်၊ အမှန်ဖြစ်အောင် အမြန်ပြင်

လူသားတွေဟာ ရလာတဲ့ဘဝတစ်ခုကို ရှင်သန်ရပ်တည်နိုင်ဖို့ အလုပ်တွေ လုပ်နေကြပါတယ်။ လုပ်နေတဲ့အလုပ်တွေမှာ ဘာအလုပ်ကိုပဲ လုပ်လုပ်၊ အမျိုးအစားတွေ ဘယ်လိုကွဲပြားပါစေ အလုပ်ရဲ့အဖြေက အမှန်နဲ့ အမှားဆိုတဲ့ နှစ်မျိုးပဲရှိပါတယ်။ အမှန်ဆိုတာ မမှားယွင်းသော၊ မလွဲသော၊ ဖြောင့်မတ်သော၊ အစဉ်အမြဲအတိုင်းဖြစ်သောလို့ ခေါ်ပြီး အမှားဆိုတာ မမှန်ကန်သော၊ အမှန်ရဲ့ ဆန့်ကျင်ဘက်ဖြစ်သော၊ ယွင်းသောလို့ မြန်မာအဘိဓာန်မှာ မှတ်သားဖူးပါတယ် ။

အချို့အလုပ်တွေဟာ မှန်တယ်ထင်ပြီး လုပ်လိုက်ပေမယ့် မှားနေတတ်တယ်။ မှားတယ်ထင်ပြီး မလုပ်မိတဲ့အလုပ်က မှန်နေတတ်တယ်။ လူဆိုတာ ငါ၊ မိမိဆိုတဲ့ အတ္တနဲ့ အခြေခံရပ်တည်ရှင်သန်နေကြပါတယ်။ လုပ်ကိုင်သမျှအလုပ်တွေတိုင်းဟာ မှန်တယ်၊ မှားတယ်ဆိုတာ အမြဲမရှိနိုင်ပါ။ ဘဝခရီးလမ်းမှာ အမှန်လမ်းပေါ်ကို လျှောက်ရင် လမ်းမှန်ပေါ်ကို ရောက်မယ်။ မှားတဲ့လမ်းကို ရွေးလျှောက်မိရင်တော့ လမ်းမှားဆီကိုသာ ရောက်သွားမှာ ဖြစ်ပါတယ်။ လုပ်လိုက်တဲ့ အလုပ်တွေ မှန်တယ်၊ မှားတယ်ဆိုတာက လုပ်တဲ့သူရဲ့ အတွေးအမြင်၊ အသိပညာ၊ အရည်အချင်းတွေနဲ့ ခံယူကျင့်သုံးမှုတွေအပေါ်မှာ မူတည်ပါတယ်။ အတွေးအမြင်၊ အသိပညာတွေမှန်ကန်ရင် ကောင်းကျိုးတွေကို ခံစားရမှာဖြစ်ပေမယ့် မှားယွင်းရင်တော့ ဆိုးကျိုးတွေကိုသာ ခံစားကြရမှာပါ။ ရွေးချယ်တဲ့အပေါ်မူတည်ပြီး လမ်းမှန်ပေါ်ကနေ လမ်းမှားဆီကို ရောက်သွားနိုင်သလို လမ်းမှားပေါ်လျှောက်မိနေရင်း အသိတရားနဲ့ ဆင်ခြင်ပြီး လမ်းမှန်ပေါ်ကို ပြောင်းပြီးလျှောက်လှမ်းလို့လည်း ရပါတယ်။

မှားတယ်ဆိုတာ မသိလို့ မှားတာ၊ သိလျက်နဲ့ မှားတာ၊ မှားနေမှန်း သိလျက်နဲ့ မပြင်ဘဲ ဆက်လုပ်လို့မှားတာတွေ ဖြစ်ပါတယ်။ ဘယ်လိုအကြောင်းကြောင့်မှားမှား ကိုယ့်အကျိုးကို ထိခိုက်စေပါတယ်။ အချို့အမှားတွေကတော့ ကိုယ်တစ်ဦးသာမကဘဲ ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေပါတယ်။ လူ့သဘာဝအရ အမှားလုပ်မိရင် အမှားကို ပြင်ဖို့ထက် ဆင်ခြေပေးပြီး အပြစ်ကလွတ်အောင် ရှောင်ထွက်တတ်ကြပါတယ်။ အချို့က ပုထုဇဉ်လူသားတွေပဲ အမှားနဲ့ ဘယ်ကင်းနိုင်ပါ့မလဲလို့ ဆင်ခြေပေးပြောတတ်ကြပါတယ်။ လူတိုင်းအမှားနဲ့ မကင်းနိုင်ကြတာ မှန်ပေမယ့်လည်း ခံစားရမယ့်အပြစ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အမှားနည်းနိုင်သမျှ နည်းအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရင် အကောင်းဆုံးပါပဲ။

ငယ်စဉ်က အိမ်နီးနားချင်း ဦးလေးတစ်ယောက်က သူ့အိမ်ခါးပန်းမှာ မြေဖြူခဲကို ရေဆွတ်ပြီး လက်ရေးလှလှနဲ့ "အပြစ်နဲ့ ရန်သူမည်သူကင်းသလဲ" ဆိုတဲ့ စာသားလေးကို ရေးထားပါတယ်။ အဲ့ဒီနေအိမ်ကနေ ပြောင်းတော့ နောက်အိမ်မှာလည်း အဲ့ဒီစာသားလေးကို ပြန်ရေးထားပါတယ်။ အသက်ငယ်သေးတော့ စာရဲ့အဓိပ္ပာယ်ကို နားမလည်ခဲ့ပါဘူး။ နောက်တော့မှ သူ့ကိုမေးကြည့်တော့ လူတွေဟာ အမှားနဲ့ မကင်းကြဘူး၊ အမှားတွေကြောင့် လူတိုင်းမှာ အပြစ်တွေ၊ ရန်သူတွေ အမြဲရှိနေတာကို သတိပြုစေချင်လို့ ရေးထားတာလို့ ပြောပြမှ သဘောပေါက်ခဲ့ရပါတယ်။

အမှားဆိုတဲ့ မကောင်းမှုကို ပြုလုပ်မိတာကို ဒုစရိုက်လို့ ခေါ်ပါတယ်။ ဒု = မကောင်းသော + စရိတ =စရိုက်(အကျင့်)၊ ဒုစရိုက် = မကောင်းတဲ့အမှုကို ပြုမူကျူးလွန်ခြင်းဖြစ်ပါတယ်။ ဒုစရိုက် ၁၀ ပါးဆိုတာ မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကို ခေါ်တာပါ။ ဒုစရိုက် ၁၀ ပါးမှာ ကာယကံ သုံးပါး၊ ဝစီကံ လေးပါးနဲ့ မနောကံ သုံးပါးရှိပါတယ်။ ကာယဒုစရိုက်သုံးပါးက (၁)သူတစ်ပါးအသက်ကို သတ်တာ၊ (၂) ပိုင်ရှင်က ကိုယ်နှုတ်နဲ့မပေးတဲ့ သူတစ်ပါးပစ္စည်းကို ခိုးယူတာ၊ (၃) ကာမဂုဏ်မှာ မှားယွင်းစွာ ဖောက်ပြန်တာတွေ ဖြစ်ပါတယ်။

ဝစီဒုစရိုက်လေးပါးကတော့ (၁) မဟုတ်မမှန်တဲ့အရာကို ဟုတ်မှန်တဲ့အနေနဲ့ လိမ်ညာပြောဆိုတာ၊ (၂) ချောပစ်ကုန်းတိုက်တာ၊ ချစ်သူနှစ်ဦးကွဲသွားအောင်(သို့မဟုတ်)မိမိကို ချစ်ခင်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးတာ၊ သင့်တင့်ညီညွတ်နေတဲ့ မိတ်ဆွေနှစ်ဦးကို မသင့်မတင့်ဖြစ်အောင်၊ စိတ်ဝမ်းကွဲအောင်ပြောဆိုတာ၊ (၃) ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာပြောဆိုတာ၊ (၄) မိမိ၊ သူတစ်ပါး နှစ်ဦးသား လုံးဝအကျိုးမရှိတဲ့ စကားပြောဆိုတာတွေ ဖြစ်ပါတယ် ။

မနောဒုစရိုက် သုံးပါးကတော့ (၁) သူများစည်းစိမ်ဥစ္စာချမ်းသာကြွယ်ဝနေတာကို မြင်တဲ့အခါ အဲ့ဒီစည်းစိမ်ဥစ္စာတွေသာ ငါ့ရဲ့ဥစ္စာတွေဖြစ်လာရင် ကောင်းလေစွလို့ သူတစ်ပါးစည်းစိမ်ဥစ္စာအပေါ် မကောင်းကြံစည်တာ၊ (၂)သူတစ်ပါးပျက်စီးစေလိုစိတ်ဖြစ်ပေါ်တာ၊ (၃)လှူခြင်းက အကျိုးမရှိ၊ မလှူခြင်းက အပြစ်မရှိ စတဲ့ မှားယွင်းဖောက်ပြန်စွာယူခြင်းတို့ ဖြစ်ပါတယ်။ ဒုစရိုက်တရား ၁၀ ပါးကို အကုသလကမ္မပထတရား ၁၀ ပါးလို့လည်း ခေါ်ပါတယ်။ ( အကုသလ = အကုသိုလ် + ကမ္မ= ကံ + ပထ အပါယ်ရောက်ကြောင်းလမ်း ဖြစ်ပါတယ်။)

သုစရိုက်တရား ၁၀ ပါးဆိုတာ ကောင်းတဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကို ခေါ်ပါတယ် ။ ကုသလကမ္မပထ တရား ၁၀ ပါး ဖြစ်ပါတယ်။

မှန်တဲ့ အလုပ်ဖြစ်ဖြစ်၊ မှားတဲ့အလုပ်ဖြစ်ဖြစ် လုပ်ကိုင်ကြတဲ့အကြောင်းခံတရားတွေက အမျိုးမျိုးရှိကြပါတယ် ။

သာဝတ္ထိပြည်မှာ ကောသလမင်းကြီး ထီးနန်းစိုးစံနေချိန်မှာ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့ ဇနီးသည် မန္တာဏီ ပုဏ္ဏေးမကြီးက မီးဖွားတော့ ကောသလမင်းကြီးရဲ့ လက်သုံးတော် သန်လျက်တော်ကြီးအပါအဝင် တစ်မြို့လုံးမှာရှိတဲ့ လက်နက်တွေဟာ အရောင်တွေ တောက်ပကြတယ်။ ဒါကြောင့် ပုရောဟိတ်ပုဏ္ဏားကြီးက နက္ခတ်တွေကိုကြည့်တော့ သူ့သားဟာ သူခိုး၊ လူသတ်သမားဖြစ်မယ့် နက္ခတ်နဲ့ယှဉ်ပြီးမွေးတယ်ဆိုတာ သိလိုက်ရတယ်။ နောက်တစ်နေ့ ညီလာခံမှာ ကောသလမင်းကြီးက ပုဏ္ဏားကြီးကို အကျိုးအကြောင်းမေးတော့ ပုဏ္ဏားကြီးက မကွယ်ဝှက်ဘဲ သူ့သားကြောင့်ဖြစ်တာပါ။ တစ်ယောက်ထဲ လှည့်လည်ခိုးတဲ့သူခိုးဖြစ်ပါလိမ့်မယ် ကွပ်မျက်တော်မူပါလို့ လျှောက်တင်တယ်။ ဒါပေမဲ့ မင်းကြီးက တစ်ယောက်ထဲ ဆိုးသွမ်းတဲ့သူဆိုရင်တော့ ကောင်းစွာ ပြုပြင်မွေးမြူပါဆိုပြီး မကွပ်မျက်ခဲ့ပါဘူး။

မင်းကြီးရဲ့ သန်လျက်တော်အပါအဝင် တစ်မြို့လုံးက လက်နက်တွေ အရောင်တောက်ပြောင်ပေမယ့် တစ်စုံတစ်ဦးကိုမှ မထိခိုက်တာကြောင့် အဟိံသကလို့ အမည်ပေးခဲ့တယ်။ အဟိံသက အရွယ်ရောက်လာပြီး တက္ကသိုလ်ပညာသင်ယူတော့ ပညာက ထူးချွန်ထက်မြက်တယ်၊ ဇာတ်လည်းမြင့်တယ်၊ ဆရာကြီးကလည်း ချစ်ခင်တာကို ကျန်တဲ့တပည့်တွေက မနာလိုဖြစ်ပြီး ဆရာကြီးဆီကို အမြဲကုန်းချောကြတယ်။ ဆရာကြီးက အစောပိုင်းမှာ မယုံကြည်ပေမယ့် ကြိမ်ဖန်များစွာ ကုန်းချောကြတော့ ဆရာကြီးက အချစ်ပြယ်ပြီး အဟိံသကကို သတ်ဖို့ ကြံစည်တော့တယ် ။

ဒါပေမဲ့ သူ့ရဲ့သိက္ခာကျမှာလည်း စိုးရိမ်တော့ မသတ်ဘဲ ပညာအတွက် ပူဇော်ဖို့ လူတစ်ထောင်ကို သတ်ရမယ်လို့ စေခိုင်းတယ် ။ အဟိံသကက ငြင်းဆန်ပေမယ့် မရတော့ တောရိပ်ခိုပြီး လူတွေ သတ်ပါတော့တယ်။ ဘယ်နှယောက်သတ်ပြီးပြီ မှတ်မိအောင် အသတ်ခံရသူတွေရဲ့ လက်ညှိုးတစ်ချောင်းစီကို ဖြတ်ပြီး ပန်းကုံးသဖွယ်ကြိုးနဲ့သီကာ လည်ပင်းမှာ ချိတ်ဆွဲယူဆောင်စေတယ်။ ဒါကြောင့် အဟိံသက အမည်ကနေ အင်္ဂုလိမာလ အမည်နဲ့ ထင်ရှားခဲ့တယ်။ အဟိံသကဟာ တက္ကသိုလ်ပညာသင်ယူခဲ့တဲ့ ပညာတတ်တစ်ယောက်ဖြစ်ပေမယ့် မှားယွင်းတဲ့ ဆရာရဲ့စေခိုင်းမှုကြောင့် လက်ညှိုးပေါင်းတစ်ထောင်ပြည့်ဖို့ တစ်ချောင်းအလိုမှာ သူ့ရဲ့မွေးမိခင်ကိုတောင် သတ်ဖို့အခြေအနေအထိ အမှားတွေ ကျူးလွန်ခဲ့ပါတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓရဲ့မေတ္တာတန်ခိုးတော်နဲ့ ကယ်ချွတ်တော်မူခဲ့လို့ အကျွတ်တရားရပြီး လူဆိုးလူမိုက်ဘဝက လွတ်မြောက်ခဲ့ပါတယ်။ ပညာတတ်ဖြစ်ပေမယ့် ပတ်ဝန်းကျင်ကြောင့် အမှားကို ကျူးလွန်မိတယ်။ အမှားကိုသိရင် အမှန်ကို အချိန်မီပြင်ဆင်နိုင်တယ်ဆိုတဲ့ သာဓကတစ်ခုပါပဲ။

နောက်တစ်မျိုးကတော့ လေ့လာမှတ်သားထားတာ လွဲရင်လည်း မှားတတ်ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းက ပုပ္ပားတောင်ကြီးရဲ့ အမြင့်ပေကို မှတ်သားရလွယ်အောင် "ဆယ့်ကိုးယုတ်ငါးထောင်"လို့ စာချိုးထားခဲ့ပါတယ်။ အချို့က ဆယ့်ကိုးယုတ်ငါးတောင်လို့ အမှတ်မှားကြပါတယ်။ ဖိုခုံလောက်ဆိုင် တောင်သုံးလုံးဖြစ်တဲ့ မှန်ပြတောင် ၄၉၈၁ ပေ၊ စပါးပုံတောင် ၄၇၅၅ ပေနဲ့ ဆေးမွှန်တောင် ၄၆၀၀ ပေထဲက အမြင့်ဆုံးဖြစ်တဲ့ မှန်ပြတောင်ဟာ ပေ ၅၀၀၀ ပြည့်ဖို့ ဆယ့်ကိုးပေလိုနေတာကို မှတ်သားရလွယ်အောင် ဆယ့်ကိုးယုတ်ငါးထောင်(၅၀၀၀ ပေ - ၁၉ ပေ = ၄၉၈၁ ပေ)ကို ဆိုလိုခြင်းဖြစ်ပါတယ်။ အမှတ်လွဲရင်လည်း မှားတတ်ပါတယ်။

နောက်တစ်မျိုးကတော့ လုပ်ရည်ကိုင်ရည်တွေ ဘယ်လောက် ပြည့်စုံပါစေ၊ ပညာတွေ ဘယ်လောက်တတ်ပါစေ၊ စီးပွားနေဥစ္စာတွေ ဘယ်လောက် ပြည့်စုံပါစေ လုပ်ကိုင်လိုက်တဲ့အလုပ်တစ်ခု လွဲချော်သွားရင် အမှားတွေနဲ့ ကြုံရတတ်ပါတယ်။ အချို့က မိမိကိုယ်မိမိ အထင်ကြီးစိတ်နဲ့ ကိုယ်လုပ်နေတဲ့အလုပ်တွေကို အမှန်လို့ ထင်မှတ်တတ်ကြပါတယ်။ ကိုယ်လုပ်တဲ့အလုပ်တိုင်းက အမြဲမှန်နေတယ်ဆိုတဲ့ တစ်ယူသန် အစွဲမထားသင့်ပါ။ ရွာစားကြီးစိန်တင်ဟန်ရေးသားတဲ့ ဘိသိက်ပြိုင်ဆိုတဲ့ ဇာတ်လမ်းရဲ့ ဇာတ်သိမ်းပိုင်းမှာ ဘိသိက်ဆရာ ဆားတောင်သောင်း(ဦးမိုးဒီ)က ဘိသိက်ဆရာ ရတနာပုံ ဆရာလှိုင်ကို အမှားနဲ့ပတ်သက်ပြီး ပြောလိုက်တဲ့ စကားက အင်မတန်မှတ်သားစရာကောင်းပါတယ်။ အမှားဆိုတာ သူတစ်ပါးအပေါ်မှာ ကိုယ်ကကျူးလွန်တဲ့ အမှား၊ ကိုယ့်အပေါ်မှာ သူတစ်ပါးက ကျူးလွန်တဲ့အမှားနဲ့ ကိုယ့်ဘာသာ ကျူးလွန်တဲ့အမှားတဲ့။ အင်မတန်မှတ်သားထိုက်တဲ့ စကားပါ။ ဘယ်လိုအမှားမျိုးဖြစ်ပါစေ မှားနေမှန်းသိရရင် အမှန်ကို ချက်ချင်းပြင်လိုက်ပါ။ ကောင်းကျိုးခံစားရပါလိမ့်မယ်။

မှားတာကို မှားမှန်းသိလို့ အမှန်ကို ပြင်နိုင်သူဟာ သတ္တိကောင်းသူဖြစ်ပါတယ်။ သတ္တိဆိုတာ စွမ်းရည်၊ ရဲရင့်ခြင်းဖြစ်တာမို့ အမှားကအမှန်ကို အချိန်မီပြင်နိုင်သူဟာ သူ့ရဲ့ ဂုဏ်သိက္ခာကို မြင့်မားစေသလို မှန်ကန်တဲ့ အရည်အချင်းပိုင်ရှင်ဖြစ်သွားမှာပါ။

လူတိုင်းအမှားနဲ့ မကင်းနိုင်ကြလို့ မှားတတ်ကြတယ်ဆိုပေမယ့် အမှားနည်းအောင် ပြုမူပြောဆိုနေထိုင်ခြင်းက အကောင်းဆုံးပါပဲ။

အချို့က ကိုယ်လုပ်နေတဲ့အလုပ်တွေ အောင်မြင်ပြီးစီးဖို့နဲ့ ကိုယ့်အကျိုးဖြစ်ဖို့ အဓိကပဲလို့ သဘောထားကြပါတယ်။ ကိုယ့်အကျိုးစီးပွားအတွက် လုပ်တာတော့မှန်တယ်။ ကိုယ်လုပ်တဲ့အလုပ်ကြောင့် တစ်ဖက်သားအကျိုးစီးပွားနဲ့ အများကောင်းကျိုးကို ထိခိုက်စေမယ့် အလုပ်မျိုးကတော့ မှားယွင်းတဲ့အလုပ်ဖြစ်ပါတယ်။ ကိုယ့်အတွက် အကျိုးရှိပြီး ကြီးပွားချမ်းသာပေမယ့် အများစုက ဒုက္ခတွေ၊ သောကတွေ ခံစားရမယ့် အလုပ်မျိုးတွေကိုတော့ ရှောင်ရှားသင့်ပါတယ်။ ဘယ်သူသေသေ၊ ငတေမာ ပြီးရောဆိုတဲ့ အစွန်းရောက်အသိတရားနဲ့ အမှား မလုပ်မိဖို့ သတိပြုဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။

ဥပမာအားဖြင့် အရောင်းအဝယ်နဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်တယ်ဆိုပါစို့ ။ အင်္ဂုတ္တရနိကာယဥပါသကဝဂ် ဝဏိဇ္ဇသုတ်မှာ ဗုဒ္ဓဘာသာဥပါသကာတစ်ယောက်အနေနဲ့ မရောင်းကောင်းတဲ့ ကုန်စည်ငါးမျိုးကို ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီ မရောင်းကောင်းတဲ့ ကုန်စည်ငါးမျိုးဆိုတာကတော့ - (၁) အများသေစေကြောင်းလေး၊ မြား စတဲ့လက်နက်ပေါင်းအမျိုးမျိုး၊ (၂) ဆင်၊ မြင်း၊ လူ စတဲ့ အစေခံသတ္တဝါအပေါင်း၊ (၃) ဝက်၊ သမင်စတဲ့ အသားစားကြောင်း သတ္တဝါအပေါင်း၊ (၄) သေရည်သေရက်အမျိုးမျိုးနဲ့ (၅)အများကို သေစေတတ်တဲ့ အဆိပ်အမျိုးမျိုးတို့ဖြစ်ပါတယ်။ ဒါ့အပြင် လူအများ မဖြစ်မနေသုံးစွဲနေရတဲ့ ကုန်ပစ္စည်းတွေကို သိုလှောင်ဈေးကစားပြီး ရောင်းဝယ်ဖောက်ကားတဲ့ အလုပ်မျိုးတွေကိုလည်း ကိုယ်ချင်းစာနာစိတ်နဲ့ ရှောင်ရှားသင့်ပါတယ်။

မှန်တဲ့အလုပ်ဟာ ကုသိုလ်ဖြစ်သလို၊ မှားတဲ့အလုပ်ဟာ အကုသိုလ်ဖြစ်ပါတယ်။ မှားယွင်းတဲ့ အကုသိုလ်အကျိုးပေးတွေဟာ မျက်မှောက်ကာလမှာရော၊ သံသရာအထိပါ ခံစားရတတ်တာမို့ ဆင်ခြင်လုပ်ကိုင်သွားကြရပါမယ်။ အမှားပြုလုပ်ထားသူဟာ ပြုလုပ်ထားတဲ့အလျောက် အဲ့ဒီအကုသိုလ်ကံ ရင့်ကျက်လာပြီး ဆိုးပြစ်ကို ဖော်ထုတ်မပေးခင်အချိန်ပိုင်းမှာ ချမ်းသာသုခကို တွေ့မြင်ခံစားရပါသေးတယ်။ ဒါပေမဲ့ ဒုစရိုက်ကံရင့်ကျက်လာပြီး သတ္တိပြလာပြီဆိုရင်တော့ ဆိုးညစ်တဲ့ ကံပိုင်ရှင်ဟာ ယုတ်မာဆိုးရွားတဲ့ ဆင်းရဲဒုက္ခတွေကို ခံစားရမှာ မလွဲဧကန်ဖြစ်ပါတယ်။

အမှန်တွေ၊ အမှားတွေဆိုတာ ကိုယ်တိုင်ပြုတဲ့အလုပ်တွေရဲ့ ရလဒ်ပါ။ ကိုယ်ပြုမိခဲ့တဲ့အမှားကို မှားမှန်းသိရင် အမှန်တရားကို တူးဆွရယူနိုင်ပါတယ်။ အမှားပြင်ဖို့ ခက်နေရင်တောင် နောက်ထပ်မမှားဖို့ ဆင်ခြင်နိုင်ပါတယ်။ နေ့စဉ်လုပ်ကိုင်နေကြတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်တွေတိုင်းကို မလုပ်ခင်မှာ အမှားနည်းအောင် လုပ်ကိုင်ကြရပါမယ်။ ကိုယ်လုပ်မယ့်အလုပ်တိုင်းမှာ မှန်သလား၊ မှားသလားဆိုတာ မလုပ်ခင်က စဉ်းစား၊ လုပ်နေဆဲမှာလည်း စဉ်းစား၊ လုပ်ပြီးရင်လည်း စဉ်းစားလုပ်ကိုင်ကြရင် အကောင်းဆုံးဖြစ်ပါမယ်။ မရပ်မနား လည်ပတ်နေတဲ့ သံသရာခရီးမှာ လက်ရှိဘဝမှာရော တမလွန်ဘဝအထိပါ ကောင်းမွန်ဖို့ အမှားနည်းပြီး မွန်မြတ်တဲ့အလုပ်တွေကိုသာ ရွေးချယ်လုပ်ကိုင်နိုင်ကြပါစေ။ လုပ်ရင်းကိုင်ရင်း အမှားဆိုတာတွေ ကြုံတွေ့လာမယ့် အမှားတွေကို မြင်အောင်ကြည့်၊ အမှန်အဖြစ် အမြန်ပြုပြင်ဆောင်ရွက်နိုင်ကြပါစေ။

**ကိုးကား – ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

ကိုယဉ်ချစ်(မန္တလေး)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Kariti Sanon က ကြိုးစားရိုးသားမှုနှင့် ထိပ်သို့တက်နိုင်ကြောင်း သက်သေပြခဲ့



ဘောလီဝုဒ် အငှားကိုယ်ဝန်ဆောင်ဇာတ်ကား Mi Miနှင့် အကယ်ဒမီရခဲ့စဉ်က မင်းသမီးရီတီးက ကြိုးစားရိုးသားမှုသာရှိလျှင် ထိပ်သို့တက်လှမ်းနိုင်ကြောင်းသက်သေပြခဲ့ပြီး ကျေးဇူးတင် စကားပြောကြားခဲ့သည်ဟု ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကရီတီးဆနွန်သည် ဘောလီဝုဒ်မင်းသမီးမဖြစ်လာမီက Tel-ugu ကားနှစ်ကားတွင် ပါဝင်ခဲ့ပြီး ဘောလီဝုဒ်တွင် Heropanti နှင့် ပွဲဦးထွက်ခဲ့သည်။

ကရီတီးဆနွန်၏ အရည်အချင်းကို ဒါရိုက်တာနှင့် ပရိသတ်များ သတိထားမိခဲ့ကြပြီး ရုပ်ရှင်ဆက်လက်ရိုက်ကူးခဲ့ရာမှ Bar-eily Kibarfi Mi Mi တို့နှင့် ပရိသတ်အားပေးမှုရရှိကာ Do-patti နှင့် ဘောလီဝုဒ်ထိပ်တန်းမင်းသမီး ဖြစ်ခဲ့သည်။

အနုပညာမျိုးရိုးမရှိ စင်တင်ပေးသူမရှိသော်လည်း ကြိုးစားရိုးသားမှုသာရှိလျှင် ထိပ်ကိုရောက်ရှိနိုင်ကြောင်း၊ ဖြစ်ချင်သည့်အရာဖြစ်ရန် ကြာကောင်းကြာနိုင်ကြောင်း အကယ်ဒမီပေးပွဲတွင် သက်သေပြ ပြောကြားသွားသည်။ (SKY)

## Krit Shahkrit Yamnam က Nataraja Award တွင် ဆန်ခါတင်စာရင်းဝင်ခဲ့

ထိုင်းအနုပညာ ထူးချွန်ဆုပေးပွဲ Nataraja Award ကို (၁၆)ကြိမ်မြောက်အဖြစ် မေ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆန်ခါတင်စာရင်းတွင် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု (ဇာတ်လမ်းတွဲအရှည်)အတွက် ခရစ်ရှာခရစ်ယမ်နမ်လည်း စာရင်းဝင်ခဲ့ကြောင်း ထိုင်းအတ်ပ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် Mari-tal Justic နှင့် ခရစ်ရှာခရစ်ယမ်နမ်၊ My Cherie Amour နှင့် သော်သနာမွန်လီရာတန်နာကာချာရွန်၊ The Scent of Hers နှင့် ဂီဆပ်သီရတ်ဆပ်မီဂျီထရာ၊ Marital Justic နှင့် ထရီပိုရာပတ်ရှရီကာဂျော်ဒီချာ၊ Once A Doctor Always A Doctor နှင့် တိုနီရမ်ခန်တို့က အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု(ဇာတ်လမ်းတွဲအရှည်) အတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ကြသည်။ (SKY)



## Big Bang မှ Daesung က အိပ်မက်တွေရှိနေသရွေ့ ပြုံးနေဦးမည်ဟု ပြောကြားထား



ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း ကန်ဒယ်ဆောင်သည် ဂီတအတွက် အရာအားလုံးကို စွန့်လွှတ်ခဲ့သူဖြစ်ပြီး အိပ်မက်တွေရှိနေသရွေ့ ကျွန်တော်ပြုံးနေဦးမည်ဟု ပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကန်ဒယ်ဆောင်က ဖြစ်ချင်စိတ်များ၍ အိပ်မက်များကြီးလာကာ ယုံကြည်မှုဖြစ်ခဲ့ပြီး ထိုယုံကြည်မှုက သူ့ကိုပြုံးစေခဲ့ကြောင်း ဖခင်က အဆိုတော်မဖြစ်စေလိုသည့်ကြားမှ ၁၇ နှစ်နှင့် အနုပညာလမ်းလျှောက်ခဲ့ကာ အခက်အခဲများကို အပြုံးနှင့်ဖုံးဖိထားခဲ့သည်။

ဝိုင်ကျီအင်တာတိန်းမင့်တွင် အောက်ခြေအလုပ်လုပ်ပြီး နှိမ့်ချစွာနေကာ ပညာရေးရော၊ ဂီတကိုပါ အလေးထားကြိုးစားခဲ့ရာမှ ဘစ်ဘန်းနှင့် ပွဲဦးထွက်ခါနီးမှ ဖခင်နှင့်နားလည်မှုရရှိခဲ့ပြီးအိပ်မက်နောက်သို့ မောပန်းမှုကင်းစွာ လိုက်ရင်း အပြုံးနှင့်ကြိုးစားနေသူ ဖြစ်သည်။ (SKY)

## Salman Khan ၏ Sikandar အောင်မြင်မှုမရခဲ့

ဘောလီဝုဒ် ထိပ်တန်း မင်းသား စလမန်ခန်၏ Sik-andar ရုပ်ရှင်ကား ပွဲတော်နေ့တွင်ရုံတင်ခဲ့သော်လည်း အောင်မြင်မှုမရှိဘဲ ဝေဖန်မှုများသာ ရရှိခဲ့ကြောင်း ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်တွင် အရှေး ခန်နာနှင့် ရာရှ်မီကာတို့ အဓိက ပါဝင်ထားပြီး ဝင်ငွေအရရော အားပေးမှုပါအားနည်း၍ ဝေဖန်သံများသာ ရရှိထားသည်။

စလေမန်ခန်၏ ဇာတ်ကား ရွေးချယ်မှုအပေါ် ပရိသတ်ဝေဖန်ထားကြပြီး ၂၀၂၅ ခုနှစ် အီးဒ် ပွဲတော်မှာ စလေမန်ခန်အတွက် အောင်မြင်မှုမရရှိခဲ့ဟု သိရသည်။ (SKY)






## လေကောင်းလေသန့် ရှူရှိုက်ရင်း သတိပြုအာရုံစိုက်ရာမှ စိတ်ကျန်းမာရေးတိုးတက်လာကြောင်း လေ့လာတွေ့ရှိ

အင်္ဂလန်နိုင်ငံရှိ လူပေါင်း ၂၀၀ ကျော်တို့၏ စိတ်ကျန်းမာရေးကို သဘာဝနှင့်ဆက်စပ်သော ဥယျာဉ်စိုက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ခြင်းနှင့် လေကောင်းလေသန့် ရှူရှိုက်ရင်း သတိပြုအာရုံစိုက်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများဖြင့် ပင်ပန်းနွမ်းနယ်မှုများကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်။ ယင်းအစီအစဉ်များသည် အစိမ်းရောင်လူမှုရေးဆေးညွှန်းဟု အမည်ပေးထားသည့် အမျိုးသားစမ်းသပ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ပါဝင်သူများအနေဖြင့် သဘာဝနှင့်တက်တက်ကြွကြွ ထိတွေ့ကာ အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ ရိုးရာကုထုံးများနှင့်အညီ ထိရောက်သော ကောင်းကျိုးများကို ရရှိစေခဲ့သည်။

သဘာဝနှင့်ဆက်စပ်သော လှုပ်ရှားမှုများသည် ပျော့ပျောင်းမှုမှ အလယ်အလတ်စိတ်ကျန်းမာရေးပြဿနာရှိသူများ၏ စိတ်အခြေအနေကို မြှင့်တင်ပေးနိုင်ပြီး စိုးရိမ်ပူပန်မှုများကို ၁၂ပတ်အတွင်း သိသိသာသာ လျော့ကျစေနိုင်ကြောင်း အင်္ဂလိပ်သုတေသီများ တွေ့ရှိခဲ့ကြသည်။

ဤတွေ့ရှိချက်များသည် 'အစိမ်းရောင်လူမှုရေးဆေးညွှန်း' မှတစ်ဆင့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ရန် ယူကေအစိုးရမှ အားပေးထောက်ခံသော လုပ်ငန်းစဉ်၏ ရလဒ်ဖြစ်ကြောင်း သိရသည်။ (SCI)

## Indila ခေတ်ပေါ် ပြင်သစ်သီချင်းကမ္ဘာအနှံ့ ပျံ့နှံ့ရောက်ရှိ

ပြင်သစ်သီချင်းများ ကမ္ဘာတစ်ဝန်းလူကြိုက်ခဲ့ပြီး ပြန်ဆိုတေးများအဖြစ် တစ်ဖန်ပြန်ပေါ်လာရာ Indila လည်း ပါဝင်ပြီး ၂၁ ရာစုတွင် ကမ္ဘာအနှံ့ ပျံ့နှံ့၍ အကြီးကျယ်ဆုံး အောင်မြင်မှုရရှိထားကြောင်း ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ခေတ်ပေါ်ပြင်သစ်သီချင်း Indila ၏ လျှို့ဝှက်ဆန်းကြယ်သည့် အဆိုနှင့် စိတ်ဝင်စားဖွယ်ဂီတအရောင်များ ပါဝင်ကာ ကမ္ဘာအနှံ့ ပျံ့နှံ့ခဲ့ပြီး ကျော်ကြားနေသည်။

ပန်းနုရောင်ဘဝ La Vie En Rose ကို လူးဝှစ်အန်းထောင်း၊ ငါဘာမှနောင်တမရှိဘူး Non, Je Ne Regrette Rien ကို Inception ရုပ်ရှင်ဇာတ်ဝင်တေး ပြင်သစ်လှိုင်းသစ်ကို ကိုယ်စားပြုသည့် Tous Les GarconsEt Les Filles နှင့် စိတ်ဖိစီးမှုလွတ်မြောက်အောင်ကခုန်ခြင်း Alors on Danse တို့မှာ ကျော်ကြားခဲ့သည်။ (SKY)

## ရသမျှအကုန် လှူဒါန်းသူ Keanu Reeves



ကမ္ဘာကျော်အနုပညာရှင် ကီဗ်နူးရီကို ဂျွန်ဝှစ်အဖြစ်လူကြိုက်များကာ နူးညံ့သောစိတ်ထားရှိပြီးရသမျှ အကုန်လှူဒါန်းပေးကမ်းသူဖြစ်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကီဗ်နူးရီသည် ရုပ်ရှင်ကားပြီးဆုံးခြင်းအထိမ်းအမှတ်အဖြစ် နယူးယော့ကလပ်တစ်ခုတွင် ပါတီပွဲကျင်းပရာသို့ မိနစ်နှစ်ဆယ်ကြာမှ ရောက်ခဲ့၍တံခါးဝတွင် ရပ်စောင့်နေရာမိုးသဲသဲမဲမဲ ရွာလာ၍ ကလပ်ပိုင်ရှင်က မိုးရေထဲမှခေါ်ဆောင်ခဲ့ရသည်။

ချမ်းသာသော်လည်း ရိုးသားစွာနေထိုင်တတ်သော ကီဗ်နူးရီသည် လူအများကြားလျှောက်သွားနေကာပန်းခြံ၌ ဟော့ဒေါ့ဝယ်စားပြီး အိမ်ရာမဲ့သူများကို ကူညီကာ ရသမျှအကုန်လှူဒါန်းသူဖြစ်သည်။

ဇနီး၊ ကလေး၊ သူငယ်ချင်းနှင့်ညီမဖြစ်သူကိုပါ ဆုံးရှုံးခဲ့ရကာ သွေးကင်ဆာကုသရေး ဖောင်ဒေးရှင်းကို ကိုယ်ပိုင်ငွေနှင့် တည်ထောင်ထားပြီး မက်ထရစ်ရုပ်ရှင်အောင်မြင်ခဲ့သော်လည်း အခကြေးငွေတစ်ဝက်လျှော့ယူကာ ယင်းရုပ်ရှင်စတန့် အကောင်းဆုံးဆုအဖြစ် တန်ဖိုးကြီးမော်တော်ဆိုင်ကယ်နှင့် ငွေသားကို အဖွဲ့သားများအား ဝေမျှပေးခဲ့သည်။ (SKY)

# ဟနွိုင်းမှ ဟိုချီမင်းမြို့သို့သွားမည့် အမြန်ရထားလိုင်းတည်ဆောက်ရန် ဗင်းကုမ္ပဏီအုပ်စုက တင်သွင်းသော အဆိုပြုလွှာကို အစိုးရက လက်ခံ

**ဟနွိုင်း မေ ၁၇**

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးအဖွဲ့ဖြစ်သော ဗင်းကုမ္ပဏီအုပ်စုက ဟနွိုင်းမှ ဟိုချီမင်းမြို့သို့သွားမည့် အမေရိကန်ဒေါ်လာ ဘီလီယံချီတန်သော အမြန်ရထားလိုင်း တည်ဆောက်ရန် အဆိုပြုလွှာတင်သွင်းရာ အစိုးရက ယင်းအဆိုပြုလွှာကို လက်ခံလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။




နိဝင်ဘာလတွင် ထိုအဆိုပြုလွှာကို အတည်ပြုခဲ့စဉ်က အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားသော အဆိုပါစီမံကိန်းသည် အခြေခံအဆောက်အအုံကဏ္ဍကို အရှိန်မြှင့်တင်ရန် လိုအပ်နေပြီး ဗီယက်နမ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအကြား ၇ဏ် သတင်းကို မြှင့်တင်ပေးမည်ဟု မျှော်မှန်းခဲ့သည်။

မြောက်ပိုင်းရှိ မြို့တော်ဟနွိုင်းမှ တောင်ပိုင်းရှိ စီးပွားရေးဗဟိုဖြစ်သော ဟိုချီမင်းမြို့အထိ ကီလိုမီတာ ၁၅၀၀ ကျော် ရှည်လျားမည့် ထိုရထားလိုင်းသည် လက်ရှိရထားခရီးစဉ် ၃၀ နာရီမှ ၅ နာရီခန့်အထိ လျှော့ချပေးမည်ဖြစ်သည်။

ဗင်းကုမ္ပဏီအုပ်စု၏ အစိတ်အပိုင်းအဖြစ် လတ်တလောတည်ထောင်ထားသော ဗင်းစပီ၏ သတင်းထုတ်ပြန်ချက်တွင် ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံ ကုန်ကျမည်ဖြစ်ရာ ၂၀၂၃ ခုနှစ်တွင် သတ်မှတ်ခဲ့သည့် အချိန်ဇယားထက် ၅ နှစ်စော၍ ဒီဇင်ဘာလတွင် စတင်ကာ ၂၀၃၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟု ဖော်ပြထားကြောင်း သိရသည်။

**Mon**

# ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု အခြေအနေ ၂၀၂၅ ခုနှစ်တွင်လည်း ဆိုးရွားနေဆဲဖြစ်

**ဝါရှင်တန် မေ ၁၇**


ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှုသည် ယမန်နှစ်က မှတ်တမ်းသစ်တင်ခဲ့ပြီး ၂၀၂၅ ခုနှစ်အတွက် အခြေအနေသည်လည်း ဆိုးရွားနေဆဲဖြစ်သည်ဟု ကုလသမဂ္ဂအထောက်အပံ့ဖြင့် ပြုစုထားသော အစီရင်ခံစာတစ်စောင်တွင် ပါရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် အစားအစာ ပြင်းထန်စွာ ရှားပါးမှုနှင့် ကလေးအာဟာရချို့တဲ့မှုများ ဆဋ္ဌမအကြိမ် ဆက်တိုက်မြင့်တက်လာခဲ့ပြီး နိုင်ငံနှင့်နယ်မြေ ၅၃ ခုရှိ လူဦးရေ ၂၉၅ သန်းကျော်အပေါ် သက်ရောက်မှုရှိခဲ့ကြောင်း မေ ၁၆ ရက်က ထုတ်ပြန်ခဲ့သော ၂၀၂၅ ကမ္ဘာ့အစားအစာ အကျပ်အတည်းဆိုင်ရာ အစီရင်ခံစာက သတိပေးခဲ့သည်။ ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် သုံးသပ်ချက်များကို ပံ့ပိုးပေးထားသော ယင်းအစီရင်ခံစာတွင် ၂၀၂၃ ခုနှစ်ထက် ငတ်မွတ်မှုအဆင့် ၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းမှာ ဆဋ္ဌမအကြိမ် ဆက်တိုက်ဖြစ်ကြောင်း ဖော်ပြထားသည်။ စုစုပေါင်းအားဖြင့် အဆိုးရွားဆုံးဒဏ်ခံရသော ဒေသများရှိ လူဦးရေ၏ ၂၂ ဒသမ ၆ ရာခိုင်နှုန်းသည် အကျပ်အတည်းအဆင့် ငတ်မွတ်မှုကို ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**Mon**



စိတ်အတွက် ကင်းဗတ်စ်ငယ်များဟု အမည်ပေးထားသော ကမ္ဘာ့ကလေးများ၏ ပန်းချီလက်ရာပြပွဲကို တရုတ်နိုင်ငံ၊ ပေကျင်းမြို့တော် ယွှမ်မင်းယွမ်ဥယျာဉ်အတွင်းရှိ ဟိုင်တန်းအကယ်ဒမီတွင် ပြသထားစဉ်။ **Mon**





# အမေရိကန်ပြည်ထောင်စုရှိ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများကို ယူအေအီးက ဒေါ်လာ ၄၄၀ ဘီလီယံအထိ မြှင့်တင်ရန် စီစဉ်

**အဘူဒါဘီ မေ ၁၇**

ယူအေအီးနိုင်ငံသည် လာမည့် ၁၀ နှစ်အတွင်း အမေရိကန်ပြည်ထောင်စုရှိ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာ ၄၄၀ ဘီလီယံအထိ မြှင့်တင်ရန် စီစဉ်ထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရေနံချမ်းသာသည့် ယူအေအီး၏ ယင်းဗျူဟာသည် ၄င်းကုမ္ပဏီများ၏ ကမ္ဘာလုံးဆိုင်ရာ ကြီးထွားရေး ရည်မှန်းချက်များနှင့်လည်း ကိုက်ညီပြီး သမ္မတဒေါ်နယ်လ်ထရမ့်၏ ဒေသတွင်းခရီးစဉ်၏ နောက်ဆုံးအဆင့်တွင် အဘူဒါဘီ ရေနံကုမ္ပဏီကြီး၏ အမှုဆောင်အရာရှိချုပ် ဆူလတန်အယ်လ်ဂျာဘာက သမ္မတထံ တင်ပြခဲ့ခြင်းဖြစ်သည်။ သမ္မတထရမ့်၏ထိုခရီးစဉ်သည် အမေရိကန်ပြည်ထောင်စုအတွက် ယူအေအီး၊ ဆော်ဒီအာရေဗီယနှင့် ကာတာနိုင်ငံများမှ ကြီးမားသော ငွေကြေးပံ့ပိုးမှုများကို ဆွဲဆောင်နိုင်ခဲ့သည်။ လက်ရှိ အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံမှ ၂၀၃၅ ခုနှစ်တွင် အမေရိကန် စွမ်းအင်ကဏ္ဍရှိ ယူအေအီး၏ ရင်းနှီးမြှုပ်နှံမှုများ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၄၀ ဘီလီယံအထိ တိုးလာမည့်အပြင် အမေရိကန် စွမ်းအင်ကုမ္ပဏီများကလည်း ယူအေအီးတွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

**INTERNATIONAL NEWS**

**နိုင်ငံတကာသတင်းများ**




# အမေရိကန်ဒေါ်လာ ၁၅ သန်းကျော် အကြွေးကို ကျေခဲ့ပြီးနောက် ကမ္ဘာ့ဘဏ်က ဆီးရီးယားနိုင်ငံအား ငွေပြန်ချေးပေးသွားမည်

**ဝါရှင်တန် မေ ၁၇**

ဆီးရီးယားနိုင်ငံသည် ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့၏ ငွေကြေးအထောက်အပံ့ဖြင့် အမေရိကန်ဒေါ်လာ ၁၅ သန်းကျော် အကြွေးကို ကျေခဲ့ပြီးနောက် ၁၄ နှစ်ကြာ ရပ်ဆိုင်းထားခဲ့သော ငွေချေးလုပ်ငန်းများကို ပြန်လည်စတင်မည်ဟု ကမ္ဘာ့ဘဏ်က ကြေညာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအနေဖြင့် အချိုးမညီ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်စူးထားသော ၄င်း၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ရန်ပုံငွေသို့ ကျန်ရှိနေသော အကြွေးများ မရှိတော့ကြောင်း အမေရိကန်အခြေစိုက် အဖွဲ့အစည်းက ကြေညာခဲ့သည်။

ယခုအပတ်အစောပိုင်းတွင် ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့က ဆီးရီးယား၏ ဒေါ်လာ ၁၅ ဒသမ ၅ သန်းကျော် အကြွေးကျန်ငွေများကို ပေးချေခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများနှင့် ပြန်လည်ဆက်သွယ်ရန် လမ်းစဖွင့်ပေးခဲ့သည်။

အကြွေးကျန်ငွေများ ပြေလည်သွားခြင်းဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့သည် ဆီးရီးယားနိုင်ငံနှင့် ပြန်လည်ဆက်သွယ်ကာ ဆီးရီးယားပြည်သူများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြေရှင်းနိုင်မည်ဖြစ်သည်ကို မိမိတို့ ဝမ်းမြောက်မိပါသည်ဟု ကမ္ဘာ့ဘဏ်က ကြေညာခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

# တရုတ်နိုင်ငံ ဂျုံထွက်ဒေသများတွင် ခြောက်သွေ့ပူပြင်းသော လေတိုက်ခတ်ဆောင်းရာသီ ဂျုံစိုက်ခင်းများ ပျက်စီးနိုင်သည့် အလားအလာ မြင့်မား

**ပေကျင်း မေ ၁၇**

တရုတ်နိုင်ငံသည် မေ ၁၆ ရက်တွင် နိုင်ငံ၏ဂျုံထွက်ရှိမှု အဓိကဒေသများဖြစ်သော ဟီနန်ပြည်နယ်အပါအဝင် နိုင်ငံ၏ဂျုံအဓိကထွက်ရှိရာ ဒေသများတွင် မေ ၂၀ ရက်မှ ၂၃ ရက်အတွင်း ခြောက်သွေ့ပူပြင်းသော လေတိုက်ခတ်မှုကြောင့် ဆောင်းရာသီဂျုံစိုက်ခင်းများပျက်စီးနိုင်သည့် အလားအလာ မြင့်မားသည်ဟု သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်မိုးလေဝသနှင့် ဇလဗေဒ အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ဟီနန်၊ ရှန်းရှီ၊ ရှန်စီနှင့် အခြားဒေသများတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ပြီး ယခုရာသီအတွက် စံချိန်တင်မြင့်တက်ဖွယ်ရှိသည်။

လက်ရှိပြင်းထန်သော အပူနှင့် ခြောက်သွေ့သောလေတိုက်ခတ်မှုများသည် ဂျုံစေ့များဖြည့်တင်းသည့်ဖြစ်စဉ်ကို နှောင့်ယှက်ကာ ဂျုံများအလျင်အမြန် ရင့်မှည့်စေနိုင်မည်ဟု ဆိုသည်။

၂၀၂၄ ခုနှစ်တွင် ဟီနန်ပြည်နယ်၏ ဂျုံထုတ်လုပ်မှုသည် တရုတ်နိုင်ငံ၏ စုစုပေါင်း ဂျုံထုတ်လုပ်မှု၏ ၂၇ ရာခိုင်နှုန်းခန့်ရှိပြီး မေလနှောင်းပိုင်းမှ စတင်ရိတ်သိမ်းလေ့ရှိပြီး အကယ်၍ ထုတ်လုပ်မှုကျဆင်းပါက တရုတ်နိုင်ငံသည် ဂျုံပြတ်လပ်မှုကို ဖြေရှင်းရန် ဂျုံတင်သွင်းမှုတိုးမြှင့်နိုင်ကြောင်း သိရသည်။

**Mon**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၁၆ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Pan Dar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၂) ရပ်ကွက်နေ ကေသီခိုင်အား ည ၈ နာရီခွဲတွင် ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကွမ်း၊ ဆေးလိပ်၊ အရက် ရှောင်ကြဉ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးအခမ်းအနား ကျင်းပ

**သရက် မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြည်သူများ ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုပုံစံရှိစေရေးနှင့် ကွမ်း၊ ဆေးလိပ်၊ အရက် ရှောင်ကြဉ်နိုင်ရေးအတွက် ကျန်းမာရေး အသိပညာပေး အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက ခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရက အဖွင့်အမှာစကား ပြောကြားရာတွင် ကျန်းမာရေး အသိပညာပေးခြင်းအပြင် သက်ဆိုင်ရာဌာနများ၊ ပြည်သူများကလည်း ပူပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ကျောင်းသားလူငယ်များအကြားတွင် ကွမ်း၊ ဆေးလိပ်၊ အရက် သုံးစွဲမှုမရှိစေရေးအတွက်လည်း ပညာရေးဝန်ထမ်းများ၊ မိဘအုပ်ထိန်းသူများမှလည်း အသိပညာပေးခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ညွန့်ရွှေအောင်က အခမ်းအနားဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ကျန်းမာရေးမှူး(၂) ဦးသန့်ဇင်ဦးက ပြည်သူလူထု ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုပုံစံရှိစေရေးနှင့် ကွမ်း၊ ဆေးလိပ်၊ အရက် ရှောင်ကြဉ်နိုင်ရေးအတွက် အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စော်ထက်(သရက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၁၄ ရက်နှင့် မေ ၁၅ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ ရာ မကွေးမြို့နယ်နှင့် စကုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ မန်းရေနံမြေအတွင်း၌ တရားမဝင်ရေနံစိမ်း ရှစ်ဂါလန်နှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၄၁၆ တန်နှင့် ဆက်စပ်ပစ္စည်းတစ်မျိုးကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**




မေ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တင်းတိပ်ရပ်ကွက်၌ လိုင်စင်မဲ့ယာဉ်တစ်စီးကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေး လုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**မူးယစ်ဟူက တိုက်ဖျက်ကြ။**

## ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**မိုင်းယန်း မေ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားလျော့နည်းပပျောက်စေရန် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကလေးအလုပ်သမားလျော့နည်း ပပျောက်ရေးဆိုင်ရာ အကြောင်းအရာများဖြင့် ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးအောင်မျိုးဦးက ကလေးသူငယ်များ၏ အခွင့်အရေးဆုံးရှုံးနစ်နာမှုဆိုင်ရာ အကြောင်းအရင်းများ၊ ကလေးအလုပ်သမားဆိုင်ရာ အရေးယူဆောင်ရွက်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ်များအပေါ် မတရားညှဉ်းပန်း နှိပ်စက်မှု၊ အဓမ္မခိုင်းစေမှုနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ချမှတ်နိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်၊ ငွေဒဏ်များ စသည့် အကြောင်းအရာများကို ဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်စီမံကိန်းဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို အခြေခံပညာကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





## မကွေးတိုင်းဒေသကြီး ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ကျောင်းအပ်နှံကြပါစို့" ဆိုင်းဘုတ်စိုက်ထူပွဲကျင်းပ

**မကွေး မေ ၁၇**

မကွေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေး အားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုင်းဘုတ်မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို မေ ၁၅ ရက်က မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားသို့ ရောက်ရှိရာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဆားစည်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဘင်ခရာတီးခတ်၍ ပန်းဖွားအကတို့ဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက်မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မကွေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုင်းဘုတ် မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာသည့် လူရည်ချွန် မောင်၊ မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

အဆိုပါကျောင်းအပ်နှံရေး သီတင်းပတ်အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေးလက်ခံ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

**(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်း ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မေ ၁၇**

ဇွန် ၅ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ(Talk Show)ကို မေ ၁၅ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

**(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပါယ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများကို ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝ၉၃)

## နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်စကားပြော၊ ကိုရီးယားစကားပြော၊ ပန်းချီ၊ စစ်တုရင် သင်တန်းဆင်းပွဲကျင်းပ

**တောင်ကြီး မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်စကားပြော၊ ကိုရီးယားစကားပြော၊ ပန်းချီ၊ စစ်တုရင် သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ သင်တန်းများသည် လူငယ်များအတွက် အလွန်အကျိုးရှိတဲ့သင်တန်းများ ဖြစ်ပါကြောင်း၊ နွေရာသီအားလပ်ရက်မှာ လူငယ်များအချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေဖို့နဲ့ ယနေ့နည်းပညာခေတ်မှာ မဖြစ်မနေ သင်ကြားတတ်မြောက်ထားရမယ့် ကွန်ပျူတာဘာသာရပ်၊ တတ်မြောက်ထားရမယ့် ဘာသာစကား၊ လူငယ်များရဲ့ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်များနဲ့ အနုပညာ အရည်အသွေးများ တိုးတက်စေဖို့အတွက် စစ်တုရင်သင်တန်းနဲ့ ပန်းချီရေးဆွဲနည်းသင်တန်းများသည် လူငယ်များအတွက် အကျိုးရှိစေတဲ့ သင်တန်းများ ဖြစ်ပါကြောင်း၊ လူငယ်များအနေနဲ့လည်း နွေရာသီ အားလပ်ရက်ကာလများမှာ သင်ကြားခဲ့ကြတဲ့ဘာသာရပ်တွေကို မေ့မေ့လျော့လျော့မထားဘဲ စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြပါ။ မိမိကိုယ်ကို Self Learning အလေ့အကျင့်ရအောင် မိမိကိုယ်တိုင် လေ့ကျင့်ပျိုးထောင်ပေးပါ။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နည်းပညာခေတ်ကြီးထဲမှာ လူငယ်များက စဉ်ဆက်မပြတ် လေ့လာသင်ယူနေမှသာ အခြားသောနိုင်ငံများကို ရင်ပေါင်တန်းပြီး အမီလိုက်နိုင်မှာဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ၎င်းနောက် မေတ္တာဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ဆက်လက်၍ ရှမ်း(တောင်) သတ္တုလုပ်ငန်းရှင်များအသင်းရုံးအဖွဲ့မှူး ဦးအောင်မြင့်ဦးက နွေရာသီအခြေခံသင်တန်းများအတွက် အလှူငွေများ ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(၃၆၈)**



## ပြည်သူ့စာကြည့်တိုက်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**မုံရွာ မေ ၁၇**

ပြည်သူ့စာကြည့်တိုက်ဆိုင်ရာ ဆွေးနွေးပွဲကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက မုံရွာခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

ပြည်သူ့စာကြည့်တိုက်ဆိုင်ရာ ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးက ကြီးမှူးကျင်းပပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေလဝါဝါက ပြည်သူ့စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှတ်သားမှုစနစ်လုပ်ငန်းများ ပြောကြားသည်။

ဆက်လက်၍ စာစုလုပ်ငန်းများနှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဝင်းက ဆွေးနွေးပြီး မုံရွာခရိုင်ပြန်/ဆက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက စာငှား လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးသည်။



စာပြုလုပ်ငန်းများနှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က ဆွေးနွေးပြီး စာကြည့်တိုက်များ ပုံမှန်စစ်ဆေးခြင်းနှင့်ပတ်သက်၍ ဦးစီးအရာရှိ ဒေါ်ယုယုဝင်းက ဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်ရှိ စာအုပ်၊ စာစောင်များ လေလွင့်ပြန့်ကျဲမှုမရှိစေရေးနှင့်ပတ်သက်၍ ဦးစီးအရာရှိ ဒေါ်အိသက်ခိုင်က ဆွေးနွေးပြီး ဦးစီးအရာရှိ ဒေါ်ဥမ္မာက စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးထိန်လင်းက စာကြည့်တိုက် စာငှား၊ စာဖတ် တိုးပွားရေး လုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးပြီး ကလေးများ စာပေဖတ်ရှုလေ့လာနိုင်ရေး ပြုစုပျိုးထောင်ရေးနည်းလမ်းများနှင့်ပတ်သက်၍ ဦးစီးအရာရှိ ဒေါ်ဇာနည်ဝင်းက ဆွေးနွေးသည်။

စာကြည့်တိုက်မှူး၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးက ဆွေးနွေးပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြမှုများအပေါ် ဆုံးဖြတ်ချက်များ အတည်ပြုချမှတ်ကာ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၃၉၄)




## နည်းပြ အူနိုင်းအမ်မရီ အက်စတွန်ဗီလာအသင်းနည်းပြဘဝ ပရီးမီးယားလိဂ်ပွဲ ၁၀၀ ပြည့်မြောက်

**လန်ဒန် မေ ၁၇**

အက်စတွန်ဗီလာအသင်း နည်းပြ အူနိုင်းအမ်မရီသည် အသင်းနည်းပြဘဝ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက စပါးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အူနိုင်းအမ်မရီသည် အက်စတွန်ဗီလာအသင်းအား ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ကိုင်တွယ်ပြီး နိုင်ပွဲ ၅၄ပွဲအထိလည်း ရယူထားနိုင်ခဲ့သည်။

(အောက်ပုံ)(NGB)



## 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Carlos Alcaraz တက်ရောက်



**တူရင် မေ ၁၇**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါစပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Musetti အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမားCarlos Alcaraz နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)(NGB)

## ဆာမတ်ဘက်စ်ဘီအကောင်းဆုံးကစားသမားဆုကို ဘရူနိုဖာနန်ဒက်ဇ် ဆွတ်ခူး

**မန်ချက်စတာ မေ ၁၇**

မန်ချက်စတာယူနိုက်တက်အသင်းမှ ပေးအပ်ချီးမြှင့်သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် အသင်းအကောင်းဆုံးကစားသမားဆုဖြစ်သည့် ဆာမတ်ဘက်စ်ဘီ အကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အသင်းကစားသမားများရွေးချယ်သည့် အကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးခဲ့သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်သည် ယခုနှစ်



ဘောလုံးရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ၁၉ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ် သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်ဇ်က "အခုလိုဆုတွေ ဆွတ်ခူးရရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ) (NGB)

## ရာအူးလ်ဂျေမီနက်ဇ် ဖူလ်ဟမ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မေ ၁၇**

ဖူလ်ဟမ်အသင်းသည်



အသင်းတိုက်စစ်မှူး ရာအူးလ်ဂျေမီနက်ဇ်အား ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဖူလ်ဟမ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ ပွဲ ကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ရာအူးလ်ဂျေမီနက်ဇ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ (ဝဲပုံ)(NGB)

## လာကာဇက်တီ လိုင်ယွန်အသင်းမှ ထွက်ခွာသွားမည်

**ပါရီ မေ ၁၇**

လိုင်ယွန်အသင်းတိုက်စစ်မှူး လာကာဇက်တီသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိအချိန်တွင် လိုင်ယွန်အသင်း၏ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းလာမှုကို လက်မခံဘဲ အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

တိုက်စစ်မှူးလာကာဇက်တီကို ဆော်ဒီပရီလိဂ်နှင့်မေဂျာလိဂ်ကလပ်အသင်းများကခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

လာကာဇက်တီသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ပွဲကစားပြီး ဂိုး ၇၀ထိသွင်းယူထားသည်။

ထို့ကြောင့် အသက်(၃၃)နှစ်အရွယ်ရှိ လာကာဇက်တီအနေ



ဖြင့် လိုင်ယွန်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၇)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၅-၂၀၂၅ | (၃)အက်သလက်တီကို - ဘက်တစ်(၆) | အက်သလက်တီကို ၂-၁ ဘက်တစ် | အက်သလက်(အိမ်) | ၁၈ | ၁၃ | ၄ | ၁ | ၃၈ | ၁၄ |
| ည ၁၁:၃၀နာရီ | (ဘက်တစ် ၁-၀ အက်သလက်တီကို) | ဘက်တစ် ၀-၀ အက်သလက်တီကို | ဘက်တစ်(ဝေး) | ၁၈ | ၇ | ၅ | ၆ | ၂၄ | ၂၅ |
| ။ | (၁)ဘာစီလိုနာ - ဗီလာရီးရဲလ်(၅) | ဘာစီလိုနာ ၃-၅ ဗီလာရီးရဲလ် | ဘာစီ(အိမ်) | ၁၈ | ၁၄ | ၁ | ၃ | ၅၀ | ၁၇ |
| | (ဗီလာရီးရဲလ် ၁-၅ ဘာစီလိုနာ) | ဗီလာရီးရဲလ် ၃-၄ ဘာစီလိုနာ | ဗီလာ(ဝေး) | ၁၈ | ၁၀ | ၃ | ၅ | ၂၅ | ၂၂ |
| ။ | (၇) ဆဲလ်တာဗီဂို - ဗယ်လက်ကာနို(၈) | ဆဲလ်တာဗီဂို ၀-၀ ဗယ်လက်ကာနို | ဆဲလ်တာ(အိမ်) | ၁၈ | ၁၁ | ၃ | ၄ | ၃၁ | ၁၉ |
| | (ဗယ်လက်ကာနို ၂-၁ ဆဲလ်တာဗီဂို) | ဗယ်လက်ကာနို ၀-၀ ဆဲလ်တာဗီဂို | ဗယ်လက်(ဝေး) | ၁၈ | ၆ | ၅ | ၇ | ၁၅ | ၁၈ |
| ။ | (၁၁) ဗလင်စီယာ - ဘီလ်ဘာအို(၄) | ဗလင်စီယာ ၁-၀ ဘီလ်ဘာအို | ဗလင်(အိမ်) | ၁၈ | ၉ | ၄ | ၅ | ၂၆ | ၁၉ |
| | (ဘီလ်ဘာအို ၁-၀ ဗလင်စီယာ) | ဘီလ်ဘာအို ၂-၂ ဗလင်စီယာ | ဘီလ်ဘာ(ဝေး) | ၁၈ | ၇ | ၇ | ၄ | ၂၁ | ၁၆ |
| ။ | (၁၀) မာယော့ကာ - ဂီတာဖေး(၁၅) | မာယော့ကာ ၀-၀ ဂီတာဖေး | မာယော့(အိမ်) | ၁၈ | ၇ | ၆ | ၅ | ၁၉ | ၁၉ |
| | (ဂီတာဖေး ၀-၁ မာယော့ကာ) | ဂီတာဖေး ၁-၂ မာယော့ကာ | ဂီတာဖေး(ဝေး) | ၁၈ | ၆ | ၂ | ၁၀ | ၁၇ | ၁၉ |
| ။ | (၁၂) ဆိုစီဒက် - ဂျီရိုနာ(၁၃) | ဆိုစီဒက် ၁-၁ ဂျီရိုနာ | ဆိုစီ(အိမ်) | ၁၈ | ၇ | ၃ | ၈ | ၁၇ | ၁၈ |
| | (ဂျီရိုနာ ၀-၁ ဆိုစီဒက်) | ဂျီရိုနာ ၀-၀ ဆိုစီဒက် | ဂျီရိုနာ(ဝေး) | ၁၈ | ၄ | ၅ | ၉ | ၁၅ | ၂၇ |
| ။ | (၁၄) ဆီဗီလာ - ရီးရဲလ်မက်ဒရစ်(၂) | ဆီဗီလာ ၁-၁ ရီးရဲလ်မက်ဒရစ် | ဆီဗီလာ(အိမ်) | ၁၈ | ၆ | ၆ | ၆ | ၁၇ | ၂၁ |
| | (ရီးရဲလ်မက်ဒရစ် ၄-၂ ဆီဗီလာ) | ရီးရဲလ်မက်ဒရစ် ၁-၀ ဆီဗီလာ | ရီးရဲလ်(ဝေး) | ၁၈ | ၉ | ၅ | ၄ | ၃၁ | ၁၉ |
| ။ | (၂၀) ဗယ်လာဒိုးလစ် - အလာဗက်စ်(၁၇) | ဗယ်လာဒိုးလစ် ၀-၂ အလာဗက်စ် | ဗယ်လာ(အိမ်) | ၁၈ | ၃ | ၄ | ၁၁ | ၁၁ | ၃၁ |
| | (အလာဗက်စ် ၂-၃ ဗယ်လာဒိုးလစ်) | အလာဗက်စ် ၁-၀ ဗယ်လာဒိုးလစ် | အလာ(ဝေး) | ၁၈ | ၃ | ၆ | ၉ | ၂၃ | ၃၁ |
| ။ | (၁၉) လာ့ပါးမားစ် - လီဂါနက်စ်(၁၈) | လာ့ပါးမက်စ် ၁-၀ လီဂါနက်စ် | လာ့ပါး(အိမ်) | ၁၈ | ၄ | ၅ | ၉ | ၂၁ | ၂၀ |
| | (လီဂါနက်စ် ၂-၁ လာ့ပါးမားစ်) | လီဂါနက်စ် ၀-၀ လာ့ပါးမားစ် | လီဂါ(ဝေး) | ၁၈ | ၁ | ၉ | ၈ | ၁၅ | ၂၉ |
| ။ | (၉) အိုဆာဆူနာ - အက်စ်ပန်ညို(၁၆) | အိုဆာဆူနာ ၁-၀ အက်စ်ပန်ညို | အိုဆာ(အိမ်) | ၁၈ | ၉ | ၆ | ၃ | ၃၁ | ၂၃ |
| | (အက်စ်ပန်ညို ၀-၀ အိုဆာဆူနာ) | အက်စ်ပန်ညို ၁-၁ အိုဆာဆူနာ | အက်စ်ပန်(ဝေး) | ၁၈ | ၃ | ၃ | ၁၂ | ၁၇ | ၂၉ |

## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၅-၂၀၂၅ | (၁၃)အဲဗာတန် - ဆောက်သမ်တန်(၂၀) | အဲဗာတန် ၁-၂ ဆောက်သမ်တန် | အဲဗာတန်(အိမ်) | ၁၈ | ၄ | ၉ | ၅ | ၂၄ | ၂၃ |
| ညနေ ၅:၃၀နာရီ | (ဆောက်သမ်တန် ၁-၀ အဲဗာတန်) | ဆောက်သမ်တန် ၁-၂ အဲဗာတန် | ဆောက်သမ်တန်(ဝေး) | ၁၈ | ၁ | ၃ | ၁၄ | ၁၃ | ၃၇ |
| ၁၈-၅-၂၀၂၅ | (၁၅)ဝက်စ်ဟမ်း - နော်တင်ဟမ်(၇) | ဝက်စ်ဟမ်း ၃-၂ နော်တင်ဟမ် | ဝက်စ်ဟမ်း(အိမ်) | ၁၈ | ၅ | ၅ | ၈ | ၂၂ | ၃၂ |
| ည၇:၄၅နာရီ | (နော်တင်ဟမ်း ၃-၀ ဝက်စ်ဟမ်း) | နော်တင်ဟမ် ၂-၀ ဝက်စ်ဟမ်း | နော်တင်ဟမ်(ဝေး) | ၁၈ | ၉ | ၃ | ၆ | ၃၀ | ၂၉ |
| ၁၈-၅-၂၀၂၅ | (၈)ဘရန့်ဖို့ဒ် - ဖူလ်ဟမ်(၁၁) | ဘရန့်ဖို့ဒ် ၀-၀ ဖူလ်ဟမ် | ဘရန့်ဖို့ဒ်(အိမ်) | ၁၈ | ၉ | ၄ | ၅ | ၃၈ | ၃၂ |
| ည၈:၃၀နာရီ | (ဖူလ်ဟမ် ၂-၁ ဘရန့်ဖို့ဒ်) | ဖူလ်ဟမ် ၀-၃ ဘရန့်ဖို့ဒ် | ဖူလ်ဟမ်(ဝေး) | ၁၈ | ၇ | ၄ | ၇ | ၂၄ | ၂၂ |
| ။ | (၁၉)လက်စတာ - အစ်ဆွစ်ချ်(၁၈) | လက်စတာ ၁-၁ အစ်ဆွစ်ချ် | လက်စတာ(အိမ်) | ၁၈ | ၃ | ၃ | ၁၂ | ၁၃ | ၃၄ |
| | (အစ်ဆွစ်ချ် ၁-၁ လက်စတာ) | အစ်ဆွစ်ချ် ၁-၁ လက်စတာ | အစ်ဆွစ်ချ်(ဝေး) | ၁၈ | ၃ | ၆ | ၉ | ၂၂ | ၃၆ |
| ၁၈-၅-၂၀၂၅ | (၂)အာဆင်နယ် - နယူးကာဆယ်(၃) | အာဆင်နယ် ၄-၁ နယူးကာဆယ် | အာဆင်နယ်(အိမ်) | ၁၈ | ၁၀ | ၆ | ၂ | ၃၄ | ၁၇ |
| ည၁၀:၀၀နာရီ | (နယူးကာဆယ် ၁-၀ အာဆင်နယ်) | နယူးကာဆယ် ၁-၀ အာဆင်နယ် | နယူးကာဆယ်(ဝေး) | ၁၈ | ၈ | ၄ | ၆ | ၂၀ | ၂၆ |

## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၉-၅-၂၀၂၅ | (၁၄)ကယ်ဂလီယာရီ - ဗင်းနစ်ဇီးယား(၁၇) | ကယ်ဂလီယာရီ ၂-၁ ဗင်းနစ်ဇီးယား | ကယ်ဂလီယာရီ(အိမ်) | ၁၈ | ၅ | ၄ | ၉ | ၂၃ | ၂၀ |
| နံနက် ၀၁:၁၅နာရီ | (ဗင်းနစ်ဇီးယား ၂-၀ ကယ်ဂလီယာရီ) | ဗင်းနစ်ဇီးယား ၀-၀ ကယ်ဂလီယာရီ | ဗင်းနစ်ဇီးယား(ဝေး) | ၁၈ | - | ၉ | ၉ | ၁၅ | ၃၁ |
| ။ | (ဖီအိုရင်တီးနား - ဘိုလော့ညာ(၇) | ဖီအိုရင်တီးနား ၂-၁ ဘိုလော့ညာ | ဖီအိုရင်တီးနား(အိမ်) | ၁၈ | ၁၁ | ၄ | ၃ | ၂၉ | ၁၆ |
| | (ဘိုလော့ညာ ၁-၀ ဖီအိုရင်တီးနား) | ဘိုလော့ညာ ၂-၀ ဖီအိုရင်တီးနား | ဘိုလော့ညာ(ဝေး) | ၁၈ | ၆ | ၇ | ၅ | ၂၂ | ၂၆ |
| ။ | (၁၅)ဗီရိုနာ - ကိုမို(၁၀) | ဗီရိုနာ ၀-၂ ကိုမို | ဗီရိုနာ(အိမ်) | ၁၈ | ၄ | ၄ | ၁၀ | ၁၄ | ၃၅ |
| | (ကိုမို ၃-၂ ဗီရိုနာ) | ကိုမို ၁-၁ ဗီရိုနာ | ကိုမို(ဝေး) | ၁၈ | ၅ | ၄ | ၉ | ၂၀ | ၂၅ |
| ။ | (၂)အင်တာမီလန် - လာဇီယို(၅) | အင်တာမီလန် ၁-၁ လာဇီယို | အင်တာမီလန်(အိမ်) | ၁၈ | ၁၃ | ၃ | ၂ | ၃၈ | ၁၉ |
| | (လာဇီယို ၀-၆ အင်တာမီလန်) | လာဇီယို ၀-၂ အင်တာမီလန် | လာဇီယို(ဝေး) | ၁၈ | ၁၁ | ၁ | ၆ | ၂၆ | ၂၁ |
| ။ | (၄)ဂျူဗင်တပ် - အူဒီးနီးစ်(၁၂) | ဂျူဗင်တပ် ၀-၁ အူဒီးနီးစ် | ဂျူဗင်တပ်(အိမ်) | ၁၈ | ၁၀ | ၇ | ၁ | ၂၉ | ၁၅ |
| | (အူဒီးနီးစ် ၀-၂ ဂျူဗင်တပ်) | အူဒီးနီးစ် ၀-၃ ဂျူဗင်တပ် | အူဒီးနီးစ်(ဝေး) | ၁၈ | ၅ | ၅ | ၈ | ၁၉ | ၂၇ |
| ။ | (၁၈)လက်ချီ - တိုရီနို(၁၁) | လက်ချီ ၀-၁ တိုရီနို | လက်ချီ(အိမ်) | ၁၈ | ၃ | ၆ | ၉ | ၁၂ | ၃၁ |
| | (တိုရီနို ၀-၀ လက်ချီ) | တိုရီနို ၂-၀ လက်ချီ | တိုရီနို(ဝေး) | ၁၈ | ၄ | ၇ | ၇ | ၂၂ | ၂၆ |
| ။ | (၂၀)မွန်ဇာ - အမ်ပိုလီ(၁၉) | မွန်ဇာ ၂-၀ အမ်ပိုလီ | မွန်ဇာ(အိမ်) | ၁၈ | ၁ | ၅ | ၁၂ | ၁၂ | ၂၀ |
| | (အမ်ပိုလီ ၀-၀ မွန်ဇာ) | အမ်ပိုလီ ၃-၀ မွန်ဇာ | အမ်ပိုလီ(ဝေး) | ၁၈ | ၃ | ၆ | ၉ | ၂၀ | ၃၂ |
| ။ | (၁၆)ပါးမား - နာပိုလီ(၁) | ပါးမား ၀-၂ နာပိုလီ | ပါးမား(အိမ်) | ၁၈ | ၅ | ၅ | ၈ | ၂၅ | ၂၀ |
| | (နာပိုလီ ၂-၁ ပါးမား) | နာပိုလီ ၂-၀ ပါးမား | နာပိုလီ(ဝေး) | ၁၈ | ၁၀ | ၆ | ၂ | ၂၇ | ၁၄ |
| ။ | (၆)ရိုးမား - အေစီမီလန်(၈) | ရိုးမား ၁-၂ အေစီမီလန် | ရိုးမား(အိမ်) | ၁၈ | ၁၂ | ၂ | ၄ | ၃၄ | ၁၄ |
| | (အေစီမီလန် ၁-၁ ရိုးမား) | အေစီမီလန် ၃-၁ ရိုးမား) | အေစီမီလန်(ဝေး) | ၁၈ | ၉ | ၂ | ၇ | ၃၀ | ၂၄ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှု၊ Container House များ နေရာချထားတည်ဆောက်နေမှု၊ ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာန ကျင်းပမည့်နေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ Down Town Area တွင် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပြိုကျ ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှား ရှင်းလင်းနေမှု၊ ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ စာဖြေဌာန ကျင်းပမည့် နေရာ၊ Container House များ နေရာချထား တည်ဆောက်နေမှု များကို လိုက်လံကြည့်ရှုစစ်ဆေး ခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာ တွင် ချမ်းအေးသာစံမြို့နယ်ရှိ ၈၄လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်း ကြား၊ ၇၈လမ်း၊ ၂၇လမ်းနှင့် ၂၈ လမ်းကြားသို့လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ၆၄ လမ်း၊ ၄၁ လမ်းနှင့် ၄၂ လမ်းကြားသို့ လည်းကောင်း၊ အောင်မြေသာစံ မြို့နယ် ၆၂ လမ်းနှင့် ၆၃ လမ်း ကြား၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြား သို့လည်းကောင်း သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ် ရှိ လူနေအဆောက်အအုံများကို မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီမှ စက်ယန္တရားကြီး များ အသုံးပြု၍ ဌာနဆိုင်ရာများမှ ဝန်ထမ်းများဖြင့် ဖယ်ရှားရှင်းလင်း နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ အား လုပ်ငန်းခွင်အန္တရာယ်ကင်း ရှင်းရေး စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန်တို့ကို မှာကြား ပြီး လိုအပ်သည်များကို ဖြည့် ဆည်းဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၁၃ သို့ ❖

















❖ စာမျက်နှာ ၁၂ မှ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၆၆လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအတွက် ယာယီအဆောက်အအုံ Container House အလုံး ၁၅၀ နေရာချထား တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ၂၀၂၅ ခုနှစ် မွေ့စရိယနှင့် ပါဠိပထမပြန် စာမေးပွဲ စာဖြေဌာန ကျင်းပရန် အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း မိုးလုံလေလုံခန်းမသို့ သွားရောက်ပြီး စာဖြေဌာန အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ








## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် အောင်စာရင်းများ ထုတ်ပြန်ကြေညာ

**မောက်မယ် မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများမှ အတန်းလိုက်အောင်စာရင်းများကို မေ ၁၅ ရက် နံနက် ၆ နာရီမှစ၍ သက်ဆိုင်ရာ ကျောင်းများရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပေးသည်။



မောက်မယ်မြို့နယ်အတွင်း၌ အဆိုပါအောင်စာရင်းများ ထုတ်ပြန်ကြေညာရာတွင် KG အတန်းမှစ၍ သင်ရိုးသစ် ဧကဒသမတန်း Grade-11 အထိ အခြေခံပညာကျောင်းများနှင့် Grade-5 နှင့် Grade-9 စာစစ်ဌာနများ စုစုပေါင်း ၅၇ ကျောင်းတို့တွင် အတန်းလိုက် အောင်စာရင်းများကို ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာကျောင်းများရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပေးကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ



ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သဏ္ဍာရာဇ်များ (၁၁၈)

သွယ်အောင်




'မျက်သွယ်'လက်ဖက်ရည်ဆိုင်မှာ ဈေးချိုအနီး ၂၉ လမ်းနှင့်၈၄ လမ်းထောင့်တွင်ရှိပြီး ထွန်းဦးစာပေနှင့်လည်း နီးသည်။ ထို့အတူ ကျွန်တော် အလုပ်လုပ်သော စစ်ကိုင်းတန်း၊ ၂၅လမ်းနှင့်၂၆လမ်းကြား၊ ၈၃လမ်းရှိ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးကျောင်းနှင့်လည်းနီးသော ကြောင့် 'မျက်သွယ်'လက်ဖက်ရည်ဆိုင်သို့ မကြာခဏ ရောက်ဖြစ်သည်။

'မျက်သွယ်'လက်ဖက်ရည်ဆိုင်တွင် ကျွန်တော့်မိတ်ဆွေ စာရေးဆရာ၊ ကဗျာဆရာများနှင့် တွေ့ဆုံရပြီး စာအုပ်သတင်း၊ မဂ္ဂဇင်းသတင်း၊ စာပေနယ်မှ စာရေးဆရာများ၏ သာရေး၊ နာရေး၊ လူမှုရေး သတင်းအစုံကို ကြားသိရသည်။

နောက်တစ်နေ့ ဒီဇင်ဘာ ၆ ရက်တွင် သူငယ်ချင်း ကဗျာဆရာ မောင်စိမ်းသစ်၏ မင်္ဂလာဆောင်သို့ ကိုကြည်သာ(တောင်တွင်း)နှင့်အတူ ဝင်ရောက်ခဲ့ပါသည်။ မောင်စိမ်းသစ် မင်္ဂလာဆောင်မှအပြန် ကျွန်တော်၏ အလုပ်ဌာန စက်ပြင်ကျောင်းတွင် ကာတွန်းများ ရေးဆွဲဖြစ်သည်။

ရတနာပုံသတင်းစာနှင့် ရန့်သစ်မဂ္ဂဇင်းတို့တွင် ကာတွန်းများ ဖော်ပြခံရသည့်အပြင် ရထားအလုပ်သမားများ စာကြည့်အသင်းမှ



နှစ်စဉ်ပြုလုပ်သော 'အမြင်သစ်'နံရံကပ်စာစောင်၌ ဒုတိယအကြိမ်မြောက် အကောင်းဆုံး ကာတွန်းစာမူဆုရရှိခဲ့ပြီး 'စွာစော်ကဲ'ကလောင်ကို စာဖတ်ပရိသတ်၏ အသိအမှတ်ပြုခံရလေတော့သည်။

ထို့အပြင် ကာတွန်းဆုရရှိသွားသည့်အတွက် စာပေပရိသတ် ထောင်သောင်းချီရှိသော စာပေဟောပြောပွဲ စင်မြင့်ထက်သို့ ကျွန်တော်ကိုယ်တိုင် 'ဆု'တက်ယူလိုက်သောကြောင့် ကျွန်တော်၏ ကဗျာရေးဖော်သူငယ်ချင်းများ၊ စာပေမိတ်ဆွေများက ကျွန်တော်ကာတွန်းရေးဆွဲသည့် 'စွာစော်ကဲ' ဆိုသည်ကို အတော်များများ သိကုန်ကြတော့သည်။

ကျွန်တော်က ရန့်သစ်မဂ္ဂဇင်းအယ်ဒီတာအား ကျွန်တော်ကာတွန်း စွာစော်ကဲဆိုသည်ကို ရန်ကုန်စာပေအသိုက်အဝန်း မသိအောင် နှုတ်ပိတ်ခဲ့သော်လည်း အကောင်းဆုံးကာတွန်းရရှိခဲ့သည့်အတွက် ကျွန်တော့်မှာ ကဗျာရေးဖွဲ့သည့်အပြင် ကာတွန်းရေးဆွဲသည်ကိုလည်း မောင်းခတ်ကြေညာခြင်းမရှိဘဲ အလိုလို သိကုန်ကြလေတော့၏။



ထို့ကြောင့် ကျွန်တော်လည်း ကဗျာများ ရေးဖွဲ့၊ ကာတွန်းများ ပို၍ရေးဆွဲနေဖြစ်၏။ ၁၉၉၄ ဒီဇင်ဘာလထဲတွင် ရတနာပုံသတင်းစာ၌ ကာတွန်းပုံ နှစ်ပုံ ထပ်မံဖော်ပြခြင်းခံရသည်။ ပထမတစ်ပုံမှာ (၂၀-၁၂-၁၉၉၄)ရက်ထုတ် သတင်းစာ၌ လျှပ်စစ်ရုံးမှာ မီတာယူနစ်ဖတ်သော စာရေးအား အိမ်ရှင်အမျိုးသမီးကြီးက မီတာပုံးရှေ့ အိမ်ပေါက်ဝမှ လှမ်းစကားပြောနေသောပုံဖြစ်သည်။

**'မီတာယူနစ်တော့ ပုံမှန်လာဖတ်နိုင်သားပဲ။ လျှပ်စစ်မီး ပုံမှန်လာအောင် လုပ်ပေးပါဦး'**ဟု ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဒုတိယပုံမှာ ၁၉၉၄ ခုနှစ်၏ ဒီဇင်ဘာနောက်ဆုံးရက် (၃၁-၁၂-၁၉၉၄)ရက်ထုတ် သတင်းစာတွင် ဖော်ပြပါရှိသော ပုံဖြစ်လေသည်။ ပုံတွင် မာရသွန်လက်ဆင့်ကမ်းအပြေးပြိုင်ပွဲနောက်ခံဖြင့် ရေးဆွဲထားပြီး



၁၉၉၄ ခုနှစ်က နှစ်သစ်လက်ဆောင်အလံကို (၁၉၉၅)ခုနှစ်ထံ လွှဲပြောင်းပေးနေစဉ်၊ ၁၉၉၅ ခုနှစ်က ၁၉၉၄ ခုနှစ်ကို လှမ်းပြောလိုက်သည်မှာ 'စည်းကမ်းမဲ့အကျင့်ပျက်တွေတော့ ထည့်မပေးနဲ့နော်'ဟု ပြောနေသောပုံဖြစ်သည်။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရန့်သစ်မဂ္ဂဇင်းမှစ၍ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ သုံးလဆက်တိုက် ကျွန်တော့်ကာတွန်းများ ဖော်ပြပါရှိလာသည့်အတွက် ကျွန်တော်ကိုယ် ကျွန်တော် အံ့ဩဝမ်းသာမှုဖြစ်၍နေမိသည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီလထုတ် ရန့်သစ်မဂ္ဂဇင်းတွင် အချစ်စာရေးဆရာတစ်ဦးအား အခြားစာရေးဆရာတစ်ဦးက လက်ဖက်ရည်ဆိုင်ရှေ့တွင် စကားပြောနေသည့်ပုံဖြစ်သည်။ ပုံတွင် **'လက်ဖက်ရည်၊ ကော်ဖီပဲ .... ပေါ့ကျကြိုက်တာ ခင်ဗျားရေးတဲ့ ဝတ္ထုပေါ့ကျတွေတော့ မကြိုက်ဘူးဗျာ'**ဟု ပြောနေသောပုံဖြစ်သည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလထုတ် ရန့်သစ်မဂ္ဂဇင်းတွင် ဖော်ပြပါရှိသည့်ပုံမှာ တစ်ကွက်ကာတွန်းပုံမဟုတ်ဘဲ(ကွက်ဆက်)၊ သုံးကွက်ရေးဆွဲထားသည့်(Comic) ကောမစ်ပုံစံ မဂ္ဂဇင်းကာတွန်းပုံဟု ဆိုရမည်။

ပုံမှာ အယ်ဒီတာများ မဂ္ဂဇင်းတိုက်တွင် ပုံသေလုပ်ကိုင်ကြခြင်းမရှိဘဲ မဂ္ဂဇင်းတိုက်တစ်တိုက်မှ အခြားမဂ္ဂဇင်းတိုက်များသို့ ပြောင်းရွှေ့လုပ်ကိုင်ကြရသည်ကို သရော်ထားသည့် ကာတွန်းပုံဖြစ်လေသည်။

ထိုကာတွန်းပုံမှ စာသားများကို ရေးမပြတော့ဘဲ ကာတွန်းပုံကို ဖတ်ကြည့်ခြင်းအားဖြင့် ထိုစဉ်ကာလက ဖြစ်ပျက်နေသည့် မဂ္ဂဇင်းအယ်ဒီတာဆရာများ၏ဘဝကို များစွာ စိတ်မကောင်းဖြစ်ရပြီး 'ရယ်မော'ရသောကြောင့် ကျွန်တော်ကိုယ်တိုင် နှစ်သက်သဘောကျသော ကာတွန်းပုံလည်း ဖြစ်ပါသည်။





# ကျော်သူ(ဥပဒေ ဒဿန)၏ ရွေးချယ်ကြမယ်သို့သော် တစ်ခါတရံမှာတော့ မောင့်သဘောအတိုင်းပါပဲ စာအုပ်ထွက်ရှိ




ဆရာကျော်သူ(ဥပဒေ ဒဿန)၏ 'ရွေးချယ်ကြမယ်၊ သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ' ဆောင်းပါးပေါင်းချုပ်စာကို ရန်ကုန်မြို့ သစ္စာရောင်ခြည်စာပေမှ ၂၀၂၅ ခုနှစ်၊ မေလတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။

အဆိုပါစာအုပ်တွင် မန္တလေး နေ့စဉ်သတင်းစာတွင် ရွေးချယ်ဖော်ပြပြီးသော ဆောင်းပါး(၂၂)ပုဒ် ပါဝင်သည်။ ဖော်ပြပါ ဆောင်းပါးများကို အတွေးအမြင်၊ ရုပ်ပုံလွှာ၊ ဥပဒေ၊ ပရဟိတနှင့် အာရောဂျံဟု ကဏ္ဍများ ခွဲခြားဖော်ပြထားသည်။

၄င်းစာအုပ်ကို မန္တလေးမြို့ရှိ စာအုပ်ဆိုင်များတွင် တစ်အုပ်လျှင်ငွေကျပ်တစ်သောင်းဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(ယာပုံ)(ဝ၄ဝ)

# ရပ်စောက်-ပင်းတယအထွက် လမ်းဘေးဝဲ၊ ယာရေမြောင်းများ ဆယ်ယူခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များ သိမ်းဆည်းဆောင်ရွက်



**ရပ်စောက် မေ ၁၇**

ရပ်စောက်မြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စီမံချက်ချမှတ်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၁၆ရက်တွင် ရပ်စောက်မြို့၊ တောင်ကွက်သစ်ရပ်ကွက်၊ ရပ်စောက် - ပင်းတယ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲ၊ ယာ ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများဆယ်ယူခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းများအား စည်ပင်သာယာရေးဌာန ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(ကဆ)

# မယ်ဇလီအိုင့်ကျေးရွာ၌ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးဟောပြော

**ပျော်ဘွယ် မေ ၁၇**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဗဟုသုတ ရရှိစေရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၁၆ရက် နံနက် ၈ နာရီက မယ်ဇလီအိုင့်ကျေးရွာ ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။



ရှေးဦးစွာ ဝွေးဇီးကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထွေးက မိမိတို့ကျေးရွာပြည်သူများအနေဖြင့် ဟောပြောသည့် အကြောင်းအရာများကို သေချာစွာမှတ်သားတတ်စေရန် ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က မူးယစ်ဆေးကို အစပြုလုပ်သုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် မိမိကိုယ်တိုင်မှ ရှောင်ကြဉ်သင့်သလိုပတ်ဝန်းကျင်ရှိ မိတ်ဆွေများကိုလည်း သုံးစွဲမှုမရှိစေရန်အတွက် တိုက်တွန်းအားပေးရန် လိုအပ်ပါကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များကို ကျေးရွာနေပြည်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှသဏ္ဍာန်လှပပန်ရလိမ့်။

ပတ်စရော၊ မှတ်စရော
စုံလင်
မန္တလေး

## လောကဓံ စုန်၊ ဆန် ရန်းထမာန်

* လောကဓံမူ၊ ကြောင်းပြုမှန်စေ
ဘုရားမြွက်ကြား၊ တရားမြတ်တွေ
လိုက်နာပြုကျင့်၊ ဉာဏ်ဆင့်ဆောင်လေ
ဝင့်ဆင်းရဲ၊ စဉ်မြဲပျက်သုဉ်းပေ။

* သံယာဆည်းကပ်၊ ပေးအပ်လှူမည်
မိဘကျေးဇူး၊ ဆံဦးထိပ်တည်
ပြည့်စုံကြွယ်ဝ၊ အေးမြဝေစည်
လျှောက်နေလမ်း၊ မပန်းချမ်းသာသည်။

* ဆရာဂုဏ်မြတ်၊ သိတတ်စေနော်
ချိန်ခါမလပ်၊ ပေးဆပ်ခါပျော်
ဝပ်တွားရိုကျိုး၊ ထမ်းပိုးဆောင်သော်
မြင့်ကြွငန်း၊ တက်လှမ်းတောက်ပကျော်။

* မြော်မြင်ချင့်တွေး၊ မနေးပေတယ်
ဖြစ်ပြီးပျက်တတ်၊ သိမှတ်ဉာဏ်ကြွယ်
ခန္ဓာအိမ်ကြီး၊ လောင်မီးသို့နယ်
မာန်မာန၊ ငြိမ်းမှုပြစ်ကင်းမယ်။

* မရပ်မနား၊ လျှောက်သွားလမ်းတွင်
မေတ္တာမျှလောင်း၊ မိတ်ပေါင်းချစ်ခင်
ဖယ်ခွာဒေါသ၊ မောဟကင်းစင်
ကမ်းလက်တွဲ၊ ခိုင်မြဲပြုံးပျော်ရွှင်။

* အနန္တဂိုဏ်း၊ ခြံသိုင်းဂုဏ်ရှိန်
မှန်စွာဆက်ထမ်း၊ ထက်နန်းရဝိန်
ဖြစ်တည်ဒုက္ခ၊ ကင်းပပျောက်မှိန်
ရှင်သန်သက်၊ ထက်မြက်ဝင်းလျှပ်ထိန်။

* ချမ်းသာသုခ၊ တည်ရစေအောင်
အမှောင်ကိုခွင်း၊ ကြည်လင်းစိတ်ဆောင်
မကောင်းဖယ်ရှား၊ ဉာဏ်အားထွန်းပြောင်
ပြည့်စုံလျှမ်း၊ မဂ်လမ်းအထွတ်ခေါင်။ ။

သူ့ထက်ဆန်း(မန္တလေး)




< မေ ၂၂ ရက်မှ ဇွန် ၁ ရက် ထိ ကျောင်းအပ်နှံရေး သီတင်းပတ် >



# မင်္ဂလာစေတီဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ညှိနှိုင်းဆွေးနွေး

**ကျောက်ပန်းတောင်း မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ကုန်းတော်ကြီး မင်္ဂလာစေတီဘုရား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၅ ရက် ညနေ ၅ နာရီက မင်္ဂလာစေတီ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ သြဝါဒါစရိယ ဆရာတော် မင်္ဂလာစေတီ ဘုန်းတော်ကြီးကျောင်း ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဇဝန၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးကျော်ကျော်လွင်၊ မြို့မတောင်ရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ၊ ရပ်ဖများ၊ အလှူရှင်များ၊ ကုန်းတော်ကြီး မင်္ဂလာစေတီ ဘုရားဂေါပကအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ကုန်းတော်ကြီး မင်္ဂလာစေတီ ဘုရားကြီး၏ သြဝါဒါစရိယ ဆရာတော် မင်္ဂလာစေတီ ဘုန်းတော်ကြီးကျောင်း ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဇဝနထံမှ သြဝါဒခံယူကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ နာယက ဦးကံအောင်က ဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေးနှင့်ပတ်သက်၍ လိုအပ်ချက်များ၊ လတ်တလော လှေလာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ရွှေသင်္ကန်း ကပ်လှူပူဇော်ရေးလုပ်ငန်းကော်မတီကို ရပ်မိ၊ ရပ်ဖများပါဝင်သည့် ၁၅ ဦးဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ခွဲဝေကြသည်။ ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းထိုက်က လုပ်ငန်းများ အောင်မြင်အောင် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ကျေးဇူးတင်စကား ပြောကြားပြီး တက်ရောက်လာသူအားလုံးက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ကုန်းတော်ကြီး မင်္ဂလာစေတီဘုရားကြီးကို လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်က တတိယအကြိမ်အဖြစ် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ပြီး ယခုအခါ ရွှေသင်္ကန်းအသစ် ကပ်လှူပူဇော်ရန် လိုအပ်လာသဖြင့် စတုတ္ထအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၄၀၀ ခန့် ရှိမည်ဖြစ်ကြောင်း သိရပြီး၊ ရပ်နီး၊ ရပ်ဝေးမှ ကုသိုလ်ပြုလှူဒါန်းလိုသူများအနေဖြင့်လည်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း ၀၉-၇၉၄၇၆၁၉၂၉ နှင့် ၀၉-၆၆၃၄၅၉၉၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၆)

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးစိုးမင်းအောင် + ဒေါ်ချောစု ကြည်မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းငွေကျပ် ၂၁ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၂၂ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးထွန်းထွန်းဦးက လက်ခံရယူသည်။

(အပေါ်ပုံ)

ထို့နောက် အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

PNT

# မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ စဉ့်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးဝါးပစ္စည်းများ လှူဒါန်း



**မန္တလေး မေ ၁၇**

မန္တလေး၊ လမ်း ၈၀၊ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းသို့ ချစ်မေတ္တာဖောင်ဒေးရှင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများက ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းအစုံလှူဒါန်းပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါဘုရားကျောင်း၌ ကျင်းပရာ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ အလှူရှင်များ တက်ရောက်ကြသည်။ အစီအစဉ်အရ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ချစ်မေတ္တာဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ အလှူရှင်များ စုပေါင်း၍ မော်တော်ယာဉ်များဖြင့် စဉ့်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးဝါးပစ္စည်းများ လှူဒါန်းကြသည်။ (ဝဲပုံ)

စဉ့်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ PPE ဝတ်စုံများ၊ Mask နှာခေါင်းစည်းများ၊ ဆေးရုံသုံးဆေးဝါးပစ္စည်းများ၊ အောက်စီဂျင်အိုးကြီးနှစ်လုံး၊ Death Body အိတ်များ၊ Controlat ရောဂါထိန်းချုပ်စက် အကြီးတစ်လုံး၊ အသေးနှစ်လုံး လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာအေးလွင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(၀၉၁)

# တို့လူငယ် ကုသိုလ်ဖြစ်ဆေးခန်း မေ ၁၇ ရက်တွင် ဖွင့်လှစ်၊ ကျန်းမာရေး အခမဲ့စစ်ဆေးကုသပေး၊ ငွေနှင့် ဆေးဝါးများ လှူဒါန်းနိုင်

**မန္တလေး မေ ၁၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇(A)လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို မေ ၁၇ ရက် စနေနေ့ နံနက် ၆ နာရီခွဲတွင် ဖွင့်လှစ်ခဲ့ပြီး လူမျိုးဘာသာ ဆင်းရဲ၊ ချမ်းသာ ဒေသမရွေး လူနာများအား အထွေထွေရောဂါ၊ သွားနှင့် ခံတွင်းရောဂါများကို စေတနာဆရာဝန်သုံးဦး၊ သူနာပြုဆရာမသုံးဦးဖြင့် အခမဲ့ကုသပေးလျက်ရှိရာ လာရောက်ပြသနိုင်ကြောင်းနှင့် E.C.Gစစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်းများလည်း အခမဲ့ဆောင်ရွက်ပေးသည်။



တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်း တစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀-၁၅၀ ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည်ဆက်လက်ရပ်တည်နိုင်ရေး၊ ဆေးနှင့် ဆေးပစ္စည်းများ၊ Metformin 500 mg(ဆီးချိုကျဆေး)၊ Gliclazide 80mg (ဆီးချိုကျဆေး)၊ Amlodipine 5mg10mg(သွေးကျဆေး)၊ Omeprazole (အစာအိမ်ဆေး)၊ Amoxicillin, Ciprofloxacin (ပိုးသတ်ဆေး)၊ B12, B6, Cevit, Glucose (ထိုးဆေးအားဆေး) Dicio(ထိုးဆေး)၊ သွားနှင့်ခံတွင်းရောဂါများအတွက် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ အနာကျက်ဆေး၊ ဗီတာဒိုင်း၊ ဝါဂွမ်း၊ အသေးစားခွဲစိတ်ခြင်း အရေးပေါ်ဆေးများ၊ ချုပ်ကြိုးများအား ဖုန်း ၀၉-၂၅၉၅၁၀၃၉၈ နှင့် ၀၉-၂၅၅၀၆၈၅၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်းသို့ လစဉ်အလှူအဖြစ် မေ ၁၅ ရက်က ချမ်းမြသာစည်မြို့နယ်နေ ဦးမြင့်သိန်း(စာရေးဆရာ မောင်ကျေးရေ၊ မြေအောက်ရေပညာရှင်) + ဒေါ်မေမိသားစုက ဆေးပဒေသာပင်ငွေကျပ် ငါးသိန်း၊ ဒေါ်လှမြင့်ကြည်က (၇၄)နှစ်ပြည့်မွေးနေ့အလှူငွေကျပ်နှစ်သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၀၄၅)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၇၂အေလမ်းနှင့် ၁၀၇ လမ်းနေ အလှူရှင် ဖခင် ဦးဘိုဖြူ၊ ခင်ပွန်း ဦးအောင်ခိုင်၊ သားကိုကျော်ငြိမ်းဦး(ခ)ဦးမော်ကြီးတို့အား ရည်စူး၍ ဒေါ်ဇင်မာထွန်းမြတ်ပန်းခိုင် တံဆိပ်ရိုက်မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀ ကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။ (ကဆ)

# ပျော်ရွှင်ချမ်းမြေ့ တရားတွေ့ကြပါစေ

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

**မေတ္တာပွားကာ ချမ်းမြေ့ပါ**

လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘုရားကြီး၏ မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း ၁၁ နည်းမှ ပထမဆုံးဖြစ်သော မေတ္တာပွားနည်းဖြစ်ပါသည်။ မေတ္တာသုတ်တော်လာ ဖော်ပြပါ မေတ္တာပွားနည်းများသည် ဗုဒ္ဓမြတ်စွာ၏ မိန့်ဟောချက်များဖြစ်ကြပြီး သတ္တဝါအားလုံးတို့သည် လွှမ်းခြုံမေတ္တာ ပေးမျှကာ ဘေးဘယာများ ဝေးကွာကြပါစေ။ ချမ်းမြေ့သာယာ အေးမြစွာ နေထိုင်နိုင်ကြပါစေ။ ပျော်ရွှင်ချမ်းမြေ့ တရားတွေ့ကြပါစေ စသည်တို့ကို ဖော်ညွှန်း၍ နေပါသည်။ မြတ်ဗုဒ္ဓ၏ လောကလူသား အများသူငါတို့အတွက် ဥဒါန်းပြုကာ မေတ္တာမျှဝေ ကရုဏာချွေနေမှုကို အထင်အရှား မြင်တွေ့နေရပါသည်။

မြတ်ဗုဒ္ဓ၏ အနှိုင်းမဲ့မေတ္တာ၊ အတိုင်းအဆမရှိသော ကရုဏာ၊ ကြီးမားလှသည့် မုဒိတာနှင့် ခိုင်မြဲလှသည့် သုခိတာတရားများကို ဖော်ပြနေပါသည်။ ယနေ့ကမ္ဘာ ဤလူ့ရွာတွင် သက်ရှင်နေထိုင်ကြသော ဝေနေယျ သုခိတ ဒုက္ခိတ များသတ္တဝါတို့သည် အေးငြိမ်းချမ်းသာမှု၊ သောကကင်းကွာ ပျော်ရွှင်စွာနေထိုင်ရမှု၊ မတောင့်မတ မကြောင့်မကြ နေထိုင်ရမှု၊ ဘေးကင်းရန်ကွာ ကျန်းမာစွာ နေထိုင်ရမှုများနှင့် ပြည့်စုံကြပါ၏လော ဆိုသည်ကို စဉ်းစားကြည့်ရန် လိုအပ်ပါသည်။

**အေးငြိမ်းပျော်ရွှင်မှုကို အရယူကြပါ**

အထက်ပါမေးခွန်းများကို ဖြေဆိုရမည်ဆိုပါက လောကလူသား အများသူငါတို့သည် ယင်းတို့၏ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ သောကမီး စသည်တို့နှင့် နေ့တိုင်းနေ့စဉ်လိုလို တောက်လောင်နေကြသည်။ ပူလောင်မှုများ ရှိနေကြရသည်။ အေးချမ်းသာယာမှု၏ အရသာစစ်ကို ပြည့်ပြည့်ဝဝ မရရှိနိုင်ကြသေးပါဟုသာ ဖြေဆိုရပါမည်။ ယနေ့လူသားတို့၏ စိတ်သန္တာန်ကို ပြန်လည်သုံးသပ်ကြည့်ပါက စိတ်ထားဖြူစင်သူ၊ စိတ်ထားကောင်းသူတို့ ရှိနေကြသလို စိတ်ညစ်၊ စိတ်ဆိုးတို့ လွှမ်းမိုးနေသူ၊ လောဘ၊ ဒေါသ၊ မောဟ၊ သောကနှင့် မာန်မာနတို့ ကြီးစိုးနေသူများကိုလည်း တွေ့နေရပါသည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမများကို လိုက်နာကြပြီး စိတ်ကောင်းနှလုံးကောင်းနှင့် လောကအလယ်တွင် အေးအေးချမ်းချမ်း နေထိုင်ကြသူများလည်းရှိကြပါသည်။ စိတ်ထားဖြူစင်၍ လူချစ်လူခင်ပေါများသူ၊ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိမြင်နေသူများ၊ အဆိုးနှင့် အကောင်း၊ အကျိုးနှင့်အကြောင်းကို ခွဲခြားသိမြင် ဆင်ခြင်နိုင်စွမ်း ရှိကြသူ၊ လောဘမရှိ မနောလှသည့်သူများလည်း ရှိနေကြပါသည်။

သို့ရာတွင် ယနေ့ကမ္ဘာ ဤလူ့ရွာမှာ နေထိုင်ကြသူ စာရေးသူအပါအဝင် ပုပုဝဝ၊ လှလှသွယ်သွယ်၊ ငယ်ငယ်ကြီးကြီး မှန်သမျှတို့သည် မိမိတို့ဘဝကို နည်းလမ်းအသွယ်သွယ်နှင့် ရုန်းကန်နေကြရသည်။

**ငြိမ်းအေးသော ဘဝပိုင်ရှင်**

လူတိုင်းသည် သောကကင်းကွာ၍ အေးငြိမ်းချမ်းသာစွာ နေထိုင်လိုကြသည်။ ငြိမ်းအေးသော ဘဝပိုင်ရှင်များ ဖြစ်လိုကြသည်။ စာရေးသူမှ ငြိမ်းအေးသောဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု တောင်းဆုချွေပါသည်။ ထိုစဉ် ခဏ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ရေးသားတော်မူသော "ငြိမ်း အေးသော ဘဝပိုင်ရှင်"ဆိုသည့် ဓမ္မစာပေမှ စာကြောင်းတချို့ကို သတိရမိပါတော့သည်။

ဆရာတော်က ရေးသားထားသည်မှာ "ငြိမ်းအေးသော ဘဝပိုင်ရှင်ဖြစ်ချင်တိုင်း လူသားတွေရဲ့ ဘဝက ငြိမ်းအေးကြပါသလားဆိုတော့ မငြိမ်းအေးကြပါဘူး၊ လူသားအများစုရဲ့ဘဝဟာ အနည်းနှင့်အများဆိုသလို အမြဲတမ်း ပူလောင်နေကြပါတယ်။ တချို့လူသားတွေရဲ့ ဘဝဆိုရင် ငြိမ်းအေးသော ဘဝပိုင်ရှင်ဖြစ်ချင်တဲ့ဆန္ဒ ရှိမှရှိပါ့မလား ထင်မှတ်များရလောက်အောင် မိမိတို့ကိုယ်တိုင် စိတ်လိုလက်ရ ဖန်တီးထားတဲ့ ပူလောင်မှုတွေနဲ့ အချိန်ပြည့် မီးဟုန်းဟုန်း တောက်လောင်နေပါတယ်"ဟု ရေးသားထားသည်ကို ပြန်လည်မှတ်မိနေဆဲဖြစ်ပါသည်။

မှန်ပါသည်။ ငြိမ်းအေးမှု၊ အေးမြသာယာမှု၊ ဒုက္ခကင်းကွာ စိတ်ချမ်းသာမှု၊ သောကကင်းကွာ ပြဿနာမျိုးစုံ မကြုံစေရေး၊ ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်ရေး၊ ရန်ငြိုးရန်စများ ပြေပျောက်စေရေး စသည်များကို ဖန်တီးနေကြသူ၊တည်ဆောက်နေကြသူများသည် မည်သူများဖြစ်ကြပါသနည်း။ တခြားသူများ မဟုတ်ကြပါ။ ဤမြေကမ္ဘာက ယနေ့လူသားများပင် မဟုတ်ပါလော။

**ဘဝဆိုသည်မှာ စိတ်၏ပုံရိပ် အစစ်ပါ**

ဤသို့ဤပုံ အဖြစ်အပျက် အဖုံဖုံ၊ ပြဿနာပေါင်းစုံကို ဖန်တီးနေကြသူ၊ ဦးဆောင်နေသည်မှာ လူသားတို့၏ စိတ်သန္တာန်ပင် ဖြစ်ပါသည်။ လောကလူသား အားလုံးကို စိတ်က ထိန်းချုပ်ထားသည်။ စိတ်က ခြယ်လှယ်နေသည်။ စိတ်က လှုံ့ဆော်၍ စေခိုင်းနေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာက "စိတ်တေန နီယျတေ လောကော" ဟု မိန့်ဟောခဲ့ပါသည်။

ထိုအချက်ကို ဆရာတော်က "ကိုယ့်ဘဝရဲ့ ပူလောင်မှု၊ ငြိမ်းအေးမှုကို စိတ်ကပဲ ဖန်တီးပါတယ်။ စိတ်ပူလောင်ရင် ဘဝပူလောင်ပြီး စိတ်ငြိမ်းအေးရင် ဘဝငြိမ်းအေးပါတယ်။ ဘဝဆိုတာ စိတ်ပုံရိပ်ပါ။ ဘဝဆိုတာ စိတ်ရဲ့ကိုယ်တိုင်ရေး ပုံတူပန်းချီတစ်ချပ်ပါ" ဟူ၍ ဆရာတော်က ရေးသားဖော်ပြခဲ့ပါသည်။

> လူ့ဘုံလောက လူ့ဘဝ အလယ်တွင် လူသားအားလုံးသည် စိတ်ကောင်း၊ စေတနာကောင်းနှင့်သာ လုပ်ကိုင်ကြမည်ဆိုပါက စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လုံခြုံရေးနှင့် သာရေး၊ နာရေး ကိစ္စအဝဝတို့သည် အစစအဆင်ပြေကြမည်။ လူသားအားလုံး စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ နေထိုင်ကြရပါမည်။

စိတ်ကောင်းထားကြရန်အတွက် မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း "စိတ်ကောင်းရှိဖို့က ပထမ၊ စိတ်ကိုဖြူအောင်ထားကြပါ" ဟူ၍ မိန့်မှာခဲ့ပါသည်။ ဤသည်ပင် မြတ်ဗုဒ္ဓ၏ အဆုံးအမလည်း ဖြစ်ပါသည်။ စိတ်ကောင်း၊ စေတနာကောင်းတို့နှင့်သာ ငြိမ်းအေးသော ဘဝကို တည်ဆောက်နိုင်ပါမည်။ လူ့ဘုံလောက လူ့ဘဝအလယ်တွင် လူသားအားလုံးသည် စိတ်ကောင်း၊ စေတနာကောင်းနှင့်သာ လုပ်ကိုင်ကြမည်ဆိုပါက စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လုံခြုံရေးနှင့် သာရေး၊ နာရေး ကိစ္စအဝဝတို့သည် အစစအဆင်ပြေကြမည်။ လူသားအားလုံး စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ နေထိုင်ကြရပါမည်။

စိတ်ကောင်းဖြစ်ရန် ကောင်းမွန်သည့်အတွေး၊ သင့်မြတ်သည့် အကြံ၊ မှန်ကန်သည့် လုပ်ဆောင်မှုတို့သည် အစဉ်အမြဲ ဒွန်တွဲ၍ နေရပါမည်။ ကောင်းတာကိုတွေးမှ ကောင်းမှုများကို ပြုလုပ်ကြမည်။ ကောင်းမှုကိုလုပ်ဆောင်ကြမှ စိတ်ချမ်းသာကြရမည်။ စိတ်ချမ်းသာမှ သာလျှင် သောကများ ပျောက်ကွယ်မည်။ သောကပျောက်မှ ဘဝ သာယာလှပမည်သာ ဖြစ်ပါသည်။

**စိတ်၏ အညစ်အကြေးများ ကင်းစင်ရပါမည်**

ဗုဒ္ဓမြတ်စွာက "မဇ္ဈိမနိကာယ် ဝတ္ထသုတ္တန်"တွင် အဝတ်ကို ဥပမာပြု၍ စိတ်၏အညစ်အကြေး၊ စိတ်ကိုညစ်ထေးစေသော အရာများကို ဟောကြားခဲ့ပါသည်။ ဤတွင် စိတ်ယုတ်မာဖြစ်ရန် ယှဉ်တွဲစေတတ်သောတရားများ၊ စိတ်ကို ညစ်ထေးစေသော အကြောင်းတရားများကို အောက်ပါအတိုင်း ဟောပြခဲ့ပါသည်။ အဓိကအားဖြင့် (၃)မျိုးရှိပါသည်။

**(၁) ကောဓ ဟူသည့် စိတ်တို၊ စိတ်ဆိုးခြင်း**

စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်သဘောထား မတိုက်ဆိုင်ခြင်းများသည် လူသားများစွာတွင် ဖြစ်လေ့ဖြစ်ထရှိပါသည်။ လူတစ်ဦးတစ်ယောက်ကို ရန်ပြုလိုခြင်း၊ မလိုမုန်းတီးခြင်း၊ အော်ဟစ်ဆဲဆိုခြင်း၊ ကြမ်းတမ်းစွာ ပြုမူပြောဆိုခြင်း စသည်တို့မှာ "ကောဓ"ဟူသည့် စိတ်တိုခြင်းကြောင့်ဟု သတ်မှတ်ရပါမည်။ ဒေါသကြီးသူသည် အများနှင့် ဆက်ဆံရေးတွင် မပြေလည်နိုင်ပါ။ ဒေါသကြီးသူကို ပေါင်းသင်းရ၊ ညှိနှိုင်းရခက်ခဲပါသည်။အခြေအမြစ်မရှိဘဲ တစ်ပါးသူကို အပြစ်မြင်သူ၊ အပြစ်တင်သူ၊ ဒေါသကို ရှေ့တန်းတင်သူများကို လူယုတ်မာဟု သတ်မှတ်ရပါမည်။

**(၂) အာဃာတ ဟူသော ရန်ငြိုးဖွဲ့ခြင်း**

လူတို့တွင် "အာဃာတ"ဟူသော မနာလိုစိတ်များကြီးစိုးလာပါက လူ့လောကကြီး ပျက်စီးမှု၏ အစပင်ဖြစ်ပေသည်။ တစ်စုံတစ်ယောက်ကို မနာလို မုန်းတီးခြင်း၊ တစ်ပါးသူတို့ ကြီးပွားချမ်းသာနေသည်ကို မကြည့်လို၊ မမြင်လိုခြင်း၊ လူချစ်လူခင်ပေါများပြီး အပေါင်းအသင်းများနှင့် အဆင်ပြေနေသည်ကို မရှုစိမ့် မမြင်လိုခြင်း၊ အစစ အဆင်ပြေနေကြသူများကို ရန်လိုခြင်း၊ ချစ်သူနှစ်ဦးကို ရန်ငြိုးထား၍ ထိုနှစ်ဦးအကြား အမုန်းတရားများ ပိုမိုပွားများလာအောင် ကြံဆောင်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ အထင်အမြင် လွဲမှားအောင် ပြုလုပ်ခြင်း၊ ကုန်းချောစကား၊ သွေးကွဲစကား ပြောကြားခြင်း စသည်တို့မှာ အာဃာတမှ ပေါက်ဖွားလာသည့် စိတ်ယုတ်မာများပင် ဖြစ်ပေသည်။

**(၃) ဥပနာဟ ဟူသော အငြိုးအတေးထားခြင်း**

လူသားအချင်းချင်း မေတ္တာထားကာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေထိုင်ကြရမည့်အစား မိမိတို့၏ စိတ်သန္တာန်တွင် တစ်စုံတစ်ဦးအား မကျေနပ်ခြင်း၊ မရှုစိမ့်ခြင်း၊ မတွေ့လိုမမြင်လိုခြင်း၊ တစ်ပါးသူကောင်းစားနေသည်ကို မနာလိုဝန်တိုခြင်းသည်လည်း စိတ်ယုတ်မာဖြစ်သည်။ တစ်စုံတစ်ဦး၏အပေါ်တွင် အငြိုးအတေးများထားရှိ၍ အပြစ်မရှိ အပြစ်ရှာခြင်း၊ မတရားစွပ်စွဲခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်သည်အထိ ကျူးလွန်ခြင်းများသည် "ဥပနာဟ" ကြီးမားကြသူများသာဖြစ်ပါသည်။

အငြိုးအတေးကြီးသူသည် အချိန်နှင့်အမျှဆိုသလို မကောင်းသည်များကို အစဉ်အမြဲတွေးနေမည်။ မဟုတ်သည်ကို ကြံစည်နေမည်။ မည်သို့ဒုက္ခပေးရမည်၊ မည်သို့နှိပ်စက်ရမည်။ မည်သို့သော ပြဿနာကို ဖန်တီးရမည်ဆိုသည်ကိုသာ အစဉ်တွေးတော၍ နေမည်။ ဘယ်သူသေသေ ငတေမာပြီးရောဟူသည့် စိတ်ညစ်၊စိတ်ဆိုးများသည် ဤလောက လူသားများအားလုံးအတွက် ကြီးမားသည့် အန္တရာယ်တစ်ခုပင်ဖြစ်ပါသည်။ ဤကဲ့သို့သော စိတ်သဘောထားမျိုး ထာဝစဉ်ကိန်းအောင်းနေကြသူများနှင့် တည်ဆောက်ထားသည့် လူ့လောကကြီးသည် အဘယ်သောအခါမျှ အေးမြချမ်းသာမည် မဟုတ်ပေ။

**ပျော်ရွှင်ချမ်းမြေ့ တရားတွေ့ကြပါစေ**

သို့ပါ၍ အထက်ပါ စိတ်ကို ညစ်ထေးစေသော အရာများကို သိရှိနားလည်ကြပြီး စိတ်ညစ်၊ စိတ်ပုပ်၊ စိတ်ယုတ်မာများကို ဖယ်ရှားကြပြီး အများသူငါတို့၏ ကောင်းကျိုးများကို ရရှိစေမည့် လူ့ဘောင်လောက လူ့ဘဝကြီးကို သာယာချမ်းမြေ့စွာ တည်ဆောက်ကြပါ။ ဤသို့ဖြစ်လာစေရန် သူတော်ကောင်းတရား ပွားများအားထုတ်ကြပါ။ ပျော်ရွှင်ချမ်းမြေ့ တရားတွေ့ကြပါစေဟု တောင်းဆုပြုကာ ဆန္ဒမွန်ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ငလျင်ဘေးသင့်မှုနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များ ဆွေးနွေး

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်လတ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မေ ၁၄ ရက် နံနက်ပိုင်းက Euro Chamber ဥရောပကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မန္တလေးငလျင်ဘေးသင့်မှုများနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များအား တွေ့ဆုံဆွေးနွေးခဲ့သည်။



အလားတူ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များသည် မေလ ပထမပတ်က မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော Myanmar Hong Kong Chamber of Commerce and Industry, Thai Business Association Myanmar, Malaysia-Myanmar Business Chamber,Singapore Association Myanmar, AIA Myanmar နှင့် MHKCCI မှ တာဝန်ရှိသူများနှင့် မန္တလေးငလျင်ဘေးသင့်မှုများနှင့် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)



# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကို မေ ၁၅ရက် နံနက်ပိုင်းက ဇောင်ချမ်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက အဆိုပါကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခြင်ကြောင့် ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး၊ အိမ်တွင်း၊ အိမ်ပြင်ရှိ ရေထည့်ထားသည့် ရေစည်ရေအိုးများ၊ သောက်ရေ၊ သုံးရေအိုးခွက်များ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

(အပေါ်ပုံ)

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို ဇောင်ချမ်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် အငြိမ်းစားဝန်ထမ်းများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

**မီးမရှို့ ၊ မြေမမြှုပ်၊ စက္ကူပျော့ကို ဒါနလုပ် ။**

# ကျောင်းအပ်နှံရေးနေ့ဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူ

**ပွင့်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေ ၁၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါကျောင်းအပ်နှံရေးနေ့ဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူရာတွင် ပွင့်ဖြူမြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းနှင့် ပညာရေးဌာနမှ ဆရာ၊ ဆရာမများက "ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာ(ဗီနိုင်း)ဆိုင်းဘုတ်များကို မြို့နယ်ပညာရေးမှူးရုံးရှေ့၊ ပွင့်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်းရှေ့နှင့် အရှေ့ပိုင်းရပ်ကွက်ရှိ အမှတ်(၁)၊ အခြေခံပညာမူလတန်းကျောင်းရှေ့တို့တွင် စိုက်ထူခဲ့ကြသည်။



ပွင့်ဖြူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် အခြေခံပညာကျောင်းများအားလုံး စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

# ငလျင်ဘေးသင့်ပြည်သူများအတွက် ဂီတရန်ပုံငွေပွဲ ကျင်းပမည်

**မန္တလေး မေ ၁၇**

မန္တလေးမြို့တွင် ငလျင်ဘေးသင့်ပြည်သူများအား ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ဂီတဖျော်ဖြေပွဲကို မေ ၂၄ ရက် ညပိုင်းတွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ ဖျော်ဖြေပွဲဝင်ကြေးမှ ရရှိသောငွေများအား ငလျင်ဘေးသင့်သောနေရာများနှင့် ငလျင်ဘေးသင့်ပြည်သူများအား တိုက်ရိုက်လှူဒါန်းသွားမည် ဖြစ်သည်။

ရန်ပုံငွေဂီတဖျော်ဖြေပွဲတွင် အဆိုရှင်များဖြစ်ကြသော ဇော်ပိုင်၊ ဂျီလတ်၊ ဝေလ၊ ဖြိုးပြည့်စုံ၊ အောင်ထက်၊ စိုးထက်(ဝါဆို)၊ ချောစုခင်၊ အိမ့်ချစ်၊ ဂျူဝယ်၊ ကေကေမိုး၊ လိမ္မော်သီး၊ ချမ်းမြေ့မောင်ချိုတို့က သီဆိုပေးကြမည်ဖြစ်ပြီး အစီအစဉ်တင်ဆက်သူအဖြစ် ကိုဖြိုး Ko Phyo Nym ကလည်း မေတ္တာဖြင့် ပါဝင်ကူညီသွားမည်ဖြစ်ကာ မန္တလေးမြို့၏ ဂီတသမားများဖြင့် ဖွဲ့စည်းထားသော Mystery Band Mandalay ကလည်း မေတ္တာဖြင့် ပါဝင်တီးခတ်ပေးသွားမည် ဖြစ်သည်။

အဆိုပါဂီတဖျော်ဖြေပွဲကို ၅၄ လမ်းရှိ The Square Theatre တွင် ကျင်းပမည်ဖြစ်ကာ ဂီတရန်ပုံငွေပွဲအတွက် လှူဒါန်းခြင်း၊ လက်မှတ်များ ဝယ်ယူအားပေးခြင်းအပြင် အဘက်ဘက်မှ ပါဝင်ကူညီလှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ လက်မှတ်ဝယ်ယူလိုပါက ဖုန်း ၀၉-၂၀၂၁၁၂၊ ၀၉-၇၇၂၀၇၀၇၀၇၊ ၀၉-၂၀၃၀၃၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၃၂)

၀-၀-၀-၀-၀



# စိုက် ပျိုး ရေး ကဏ္ဍ

## ဆိုလာမြစ်ရေတင်စနစ်ဖြင့် မိုးစပါး ၂၈၇ ဧက စိုက်ပျိုးပြီးဖြစ်

**ညောင်ဦး မေ ၁၇**



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ဆိုလာမြစ်ရေတင်စနစ်ဖြင့် မိုးစပါး ၂၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် ဆိုလာမြစ်ရေတင်စနစ်ဖြင့် မိုးစပါး စိုက်ပျိုးရန် ဖေဖော်ဝါရီလ၌ စတင်ပျိုးထောင်ခဲ့ကြောင်း၊ ဧပြီလနောက်ဆုံးပတ်မှစတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့ကြောင်း၊ ဆိုလာမြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးမှာ ဆင်းသုခ၊ မနောသုခ၊ GW-11၊ အောင်နိုင်တိုး စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း၊ စပါးတစ်သီးရင့်မှည့်ချိန်ထိ ငါးလကြာမြင့်ကြောင်း မိုးစပါးစိုက်တောင်သူများက ပြောသည်။

မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧက စိုက်ပျိုးရေသွင်းစရိတ် ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရကြောင်း၊ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးများ အထွက်နှုန်းပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်း တန်လွန်းကြောင်း၊ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင်ရေသွင်းရကြောင်း၊ တစ်ဧကသွင်းစျေးလည်းတန်လွန်းကြောင်း၊ မိုးစပါးစိုက်တောင်သူများက ပြောသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧက ကောက်စိုက်သမစိုက်ပျိုးခ ငွေကျပ် ၅၅၀၀၀ ဖြင့် စိုက်ဧကပြတ် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလာကြကြောင်း၊ ညောင်ဦးမြို့နယ်၌ မိုးစပါး ၂၈၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ငါ့သရောက်ဆိုလာမြစ်ရေတင်ဖြင့် ဧက ၈၀၊ လက်ပံခြေပေါ်ဆိုလာမြစ်ရေတင်ဖြင့် ဧက ၁၀၀ ၊ သူကောင်းတည်ဆိုလာမြစ်ရေတင်ဖြင့် ဧက ၁၀၀၊ မိုးကောင်းသောက်မှုရင်းစပါး ၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**



## မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၆၁၉ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၃၆၁၉ စိုက်ပျိုးရန် လျာထားပြီး မေလအတွင်း ရွာသွန်းသည့် မိုးဖြင့် စိုက်ပျိုးနိုင်ရေးလယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ လက်ရှိမှာ မိုးမြေပဲ စိုက်ပျိုးနိုင်ဖို့ လယ်ယာမြေ ထွန်ယက်ပြုပြင်တာတွေ၊ ပေါင်းမြက်ရှင်းလင်းတာတွေ လုပ်ဆောင်နေကြပါတယ်။ မိုးအစိုဓာတ်ရရှိတာနဲ့ စတင်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးမြေပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်းပြီး မြေပဲအထွက်နှုန်းများကောင်းမွန်စေရေး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါများ ကင်းရှင်းရေး စသည့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အပေါ်ပုံ) (၄၄၅)**



## ဈေးကွက်အခွင့်အလမ်းများကောင်းလာသောကြောင့် ပင်မှည့်သီးပင်များ တိုးချဲ့စိုက်ပျိုးလာ

**ရွှာင် မေ ၁၇**

စိုက်ပျိုးရေးကိုအခြေခံပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရွှာင်မြို့နယ်အတွင်းရှိ တောင်သူအများစုမှာ ရာသီပေါ်နှစ်တိုသီးနှံများ စိုက်ပျိုးကြသလို နှစ်ရှည်သီးနှံပင်များကိုလည်း တိုးချဲ့စိုက်ပျိုးလာကြသည်။ နှစ်တိုသီးနှံများတွင် ရာသီအလိုက် စိုက်ပျိုးကြသည့် စပါး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲမျိုးစုံ၊ မီးဖိုချောင် စားသောက်ကုန်အမျိုးမျိုးကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးနည်းပညာများ ဆန်းသစ်လာသည်နှင့်အမျှ ဝင်ငွေကောင်းမည့် မျိုးကောင်းမျိုးသန့်သီးနှံပင်များကို စမ်းသပ်စိုက်ပျိုးလာကြရာ ယခုအခါတွင် ထိုင်ဝမ်ပင်မှည့်သီးပင်များကို တိုးချဲ့စိုက်ပျိုးလာကြသည်။ ရွှာင်မြို့နယ်တွင် ပင်မှည့်သီးပင်များကို ယခင်က ဒေသမျိုးရင်းဖြစ်သော အဝါသေး၊ အညိုသေး မျိုးများကို စိုက်ပျိုးကြသော်လည်း ယခုနောက်ပိုင်းတွင် ဈေးကွက်အခွင့်အလမ်းများကောင်းလာသော ထိုင်ဝမ်အညိုအကြီး ပင်မှည့်သီးပင်များ တိုးချဲ့စိုက်ပျိုးလာကြသည်။ အပင်များသည် နွယ်ပင်အမျိုးအနွယ်များဖြစ်သောကြောင့် စင်ခံစနစ်ဖြင့် ပင်ခြား၊ တန်းခြား ကိုးပေ ပတ်လည် စိုက်ပျိုးကြသည်။

စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ ကျော်တွင် အပွင့်အသီးများ စတင်လှော့ရှိပြီး ရေနှင့် မြေဆီ၊ မြေဩဇာကောင်းမွန်ပါက တစ်နှစ်ပတ်လုံး အသီးများထွက်ရှိသည်။ စိုက်ပျိုးပြီး ခြောက်နှစ်မှ ၁၀နှစ်ကျော်အထိ ခူးဆွတ်ရောင်းချရသည်။ မိုးတွင်းပိုင်းတွင် အသီးများလှိုင်လှိုင်ထွက်ရှိသောကြောင့် ဈေးကွက်အနည်းငယ်အေးသော်လည်း နွေသီးများမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ခန့် ရောင်းရသောကြောင့် ဈေးကွက်ကောင်းလှသည်။

ပင်မှည့်သီးပင်သည် ကျန်းမာရေးအတွက် အထောက်အကူပြုစေပြီး စိုက်ပျိုးရလွယ်ကူကာ ရွှာင်ဒေသ ရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း သီးနှံတစ်မျိုးဖြစ်သည်။ အရိပ်ရပင်ဖြစ်သောကြောင့် စင်အောက်တွင် ကော်ဖီပင်ဖြင့် နှစ်သီးစား စိုက်ပျိုးလာကြသည်။ တစ်ဧကလျှင် ပျိုးပင်ပေါင်း ၆၀၀ မှ ၈၀၀ ခန့် ဝင်ဆံ့ပြီး ခုနစ်ရက်တစ်ပတ်ခူးပါက ပိဿာချိန် ၅၀၀ ခန့် ထွက်သည်။

ပင်မှည့်သီးသည် အူလမ်းကြောင်း ကျန်းမာရေးအကျိုးပြုခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းညှိပေးခြင်းနှလုံးနှင့် သွေးကြောအတွက်ကောင်းခြင်း၊ စိတ်ဖိစီးမှုများမှပြေပျောက်စေခြင်း၊ ပန်းနာရင်ကျပ်အတွက် အစွမ်းထက်ခြင်း၊ ဗီတာမင်စီကြွယ်ဝခြင်း၊ ကင်ဆာရောဂါများမှ ကာကွယ်နိုင်ခြင်း၊ အိပ်ပျော်စေခြင်း၊ မျက်စိအားကောင်းစေခြင်း၊ သံဓာတ်ကြွယ်ဝခြင်း စသည့် ကောင်းကျိုးများစွာရရှိနိုင်ကြောင်း စာပေများတွင် ဖော်ပြထားသည်။

ထို့ကြောင့် ကျန်းမာရေးအတွက် အထောက်အကူပြုစေပြီး ဈေးကွက်အခွင့်အလမ်းများကောင်းလာသောကြောင့် ပင်မှည့်သီးပင်များ တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၃၈)**

## ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ နွေနှမ်းစိုက်ခင်းများသို့ လေ့လာ

**မိတ္ထီလာ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ဇောင်းချမ်းကုန်းကျေးရွာ၊ ကွင်းအမှတ်(၇၃၇)ရှိ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ နွေနှမ်း(ရေဆင်း-၁၄မျိုး) စိုက်ခင်းများသို့ ခရိုင်အတွင်းရှိ နှမ်းစိုက်ပျိုးမည့်တောင်သူများက မေ ၁၅ ရက် နံနက် ၉ နာရီတွင် လာရောက်လေ့လာခဲ့ကြကြောင်း မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ်၊ ဇောင်းချမ်းကုန်းကျေးရွာရှိ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ နွေနှမ်း(ရေဆင်း-၁၄မျိုး)စိုက်ခင်းများသို့ မိတ္ထီလာမြို့နယ်အတွင်းရှိ တောမကျေးရွာနှင့် ချောက်ပင်ကျေးရွာများမှ နှမ်းစိုက်ပျိုးမည့် တောင်သူများက လာရောက်လေ့လာကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာလင်းက နှမ်းစိုက်ပျိုးရာတွင် သတ်မှတ်လျာထားသည့် အထွက်နှုန်းရရှိစေရေး စိုက်ပျိုးနည်းစနစ်မှန်ကန်မှု၊ သွင်းအားစုများ ထည့်သွင်းမှု၊ မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးမှု၊ ပေါင်းမြက်ကာကွယ်မှု၊ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းမှု၊ အပင်ကြီးထွားရှင်သန်မှု စသည့် စိုက်ပျိုးနည်းစနစ်များအား ရှင်းလင်းပြောကြားခဲ့ရာ နှမ်းစိုက်ပျိုးမည့် တောင်သူများက သိလိုသည်များကို မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ၊ ကန်ရေများအပြင် စက်ရေတွင်းများဖြင့် နွေနှမ်း ၁၅၅၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၆၉)**






# ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာများ စိုက်ထူ

**တောင်တွင်းကြီး မေ ၁၇**

မကွေးတိုင်းဒေသကြီးမကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာများ စိုက်ထူခြင်းကို မေ ၁၆ ရက် နံနက် ၈နာရီက မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာကျောင်းများ၌ ကျင်းပသည်။

ထိုသို့ ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာများ စိုက်ထူရာတွင် "ကျောင်းနေအရွယ် ကလေးများအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းဌေးနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(မိဿနီးမြေ)**

*-*-*-*-*

# ကျောင်းအပ်နှံရေးသီတင်းပတ် အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**ကလော မေ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် အသိပညာပေးလှုပ်ရှားမှုအဖြစ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ပါဝင်သည့် မြေစိုက်ပိုစတာကို မေ ၁၅ ရက် မွန်းလွဲ ၂ နာရီက ကလောမြို့ မြို့နယ်ပညာရေးမှူးရုံးရှေ့၌ စိုက်ထူခဲ့ကြသည်။

အဆိုပါ မြေစိုက်ပိုစတာအား ကလောမြို့နယ်ပညာရေးမှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ် ပညာရေးမှူး ဦးအောင်နိုင်နှင့် ဦးကိုကိုမောင်တို့ဦးဆောင်၍ မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ တက်ရောက်ဖွင့်လှစ်ခဲ့ကြပြီး "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုများကို မေ ၂၂ ရက်မှစတင်ကာ ဇွန် ၁ ရက်အထိ သတ်မှတ်ထားကြောင်းနှင့် ဇွန် ၂ရက်မှစ၍ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၃၀ရက်အထိ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်း ကလောမြို့နယ်ပညာရေးမှူးထံမှ သိရသည်။



(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ငလျင်ဘေးသင့် ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ပြည်စုံဝင်းအောင် ကားအရောင်းပြခန်းတွင် ငလျင်ဘေးဒဏ်ကြောင့် ယာယီနေထိုင်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းက တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့က ငလျင်ဘေးဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင် စုစုပေါင်း ၄၇ ဦးအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဘက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျင်နာရောဂါများအား စစ်ဆေးကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**

*-*-*-*-*



# ရာသီစာထန်းသီးဆန်ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**နတ်မောက် မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေးကြီးသို့ ဒေသမှထွက်ရှိသော ရာသီစာ ထန်းသီးဆန်ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း ရောင်းချသူများက ပြောသည်။

ကျေးလက်နေသူများအနေဖြင့် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး မိမိတို့ယာစည်းရိုးများတွင် စိုက်ပျိုးထားရှိသည့် အသီးအနှံများကို ရာသီအလိုက် ခူးယူရောင်းချလျက်ရှိကြောင်း၊ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိတဲ့ ထန်းပင်မှ အသီးပေါ်ချိန်ကာလဖြစ်တာကြောင့် အသီးမှ အဆန်များထုတ်ယူရောင်းချကြကြောင်း၊ မိမိအိမ်မှ ကျွဲ၊ နွားစာအဖြစ် ထန်းသီးကို ဓားဖြင့်စဉ်း၍ ခုတ်ကျွေးကြကြောင်း၊ ရာသီပေါ်အစားအစာဖြစ်တာကြောင့် ထန်းသီးဆန်များ ဝယ်ယူစားသုံးကြကြောင်း၊ထန်းသီးဆန် ၁၀ ဆန်ကို ငွေကျပ် ၇၀၀ မှ ၅၀၀ ဖြင့် ရောင်းချရကြောင်း၊ သဘာဝထန်းပင်မှ အသီးကိုခူးယူရောင်းချကြသလို ထန်းလျက်၊ ထန်းရည်များလည်း ရာသီအလိုက် ပြုလုပ်ရောင်းချရကြောင်း၊ လုပ်သားအရင်းအနှီးကိုသာ အသုံးပြုရတာကြောင့် မိသားစုအတွက် ဝင်ငွေပိုမိုရရှိကြောင်း ရောင်းချသူများထံမှ သိရသည်။

နတ်မောက်မြို့နယ်တွင် ထန်းသီးဆန်၊ ထန်းလျက်၊ ထန်းရည်များကို တွင်းကြီး၊ ဖလန်ပင်၊ စခန်းမ၊ ဒီးဒုတ်ကုန်း၊ တောင်ထောင့်၊ ပင်းမြို့၊ ပ/လက္ခပွင် ကျေးရွာများမှ ပြုလုပ်ရောင်းချကြကြောင်း သိရသည်။

(အပေါ်ပုံ) **မူမူစန်း**



# ဇမ္ဗူသီရိမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် အောင်စာရင်းများ ထုတ်ပြန်

**ဇမ္ဗူသီရိ မေ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ အောင်စာရင်းကို မေ ၁၅ ရက် နံနက် ၆ နာရီက စတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အောင်စာရင်းများ ထုတ်ပြန်ထားရှိသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်း အစိုးရအခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများအပါအဝင် အခြေခံပညာကျောင်းပေါင်း ၃၈ ကျောင်းတို့တွင် မူလတန်းမှ Grade-11 အထိ အောင်စာရင်းများကို ထုတ်ပြန်ကြေညာထားရာ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# ကြက်ခြေနီလူငယ်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်များ ဆွေးနွေးညှိနှိုင်း

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် အခြေပြု၍ ငလျင်ဘေးတုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကြက်ခြေနီလူငယ်များ၏ လုပ်ဆောင်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် ပြင်ဦးလွင်မြို့၊ ရွှေစံအိမ်ဟိုတယ်ခန်းမတွင် မေ ၁၅ ရက်မှစတင်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဦးဆောင်၍ ကြက်ခြေနီလူငယ်များ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ရည်ရွယ်ချက်များနှင့်ပတ်သက်သည့်အကြောင်းအရာများ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဌာနမှူး ဒေါက်တာလင်းလင်းသက်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ပထမသုတ် ကြက်ခြေနီလူငယ် ၂၀ ဦး၊ ဒုတိယသုတ် ကြက်ခြေနီလူငယ် ၃၀ဦး၊ တတိယသုတ် ကြက်ခြေနီလူငယ် ၃၀ဦး၊ စတုတ္ထသုတ် ကြက်ခြေနီလူငယ် ၃၀ ဦးတို့ အလှည့်ကျ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ) (ဝ၄၅)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဖျာပုံမြို့ အောက်ကွင်းကြီးမျိုးသန့်ခြံတွင် ပြုလုပ်သော သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စပါးမျိုးစေ့ချက်ကိရိယာများ ပေးအပ်ပွဲတက်ရောက်

ပုသိမ် မေ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် အောက်ကွင်းကြီးမျိုးသန့်ခြံတွင် ပြုလုပ်သော ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စပါးမျိုးစေ့ချက်ကိရိယာများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ မိုးစပါးစိုက် တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့နှင့် စပါးမျိုးစေ့ချက်ကိရိယာများ ပေးအပ်ကာ အောက်ကွင်းကြီးမျိုးသန့်ခြံတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ခြင်းအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မြို့နယ်လေးမြို့နယ် ပူးပေါင်းဆောင်ရွက်သည့် ဧရာဝတီပေါ်ဆန်းနှင့် ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များနှင့် တောင်သူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်တို့မှ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော အရည်အသွေးမြင့် ပေါ်ဆန်းဆန်၊ ပေါ်ဆန်းစပါးများနှင့် ပေါ်ဆန်းထမင်းများ၏ အနံ့၊ အရသာ၊ အရည်အသွေး ကောင်းမွန်မှုများကို ကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)

အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပေါ်ဆန်းဖိုရမ် ၂၀၂၅ ရလဒ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)၏ သုတေသနအရာရှိက ဌာနမှဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ငလျင်ဘေးသင့်ဒေသများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒေသကော်မတီ (၅) ဥက္ကဋ္ဌက အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မအူပင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် တွေ့ဆုံပြီး မအူပင်ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd. သို့ သွားရောက်၍ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည့် တင်ပြမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မန်စီးတီးအသင်းအား အံ့အားသင့်ဖွယ်အနိုင်ယူပြီး အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ခရစ္စတယ်ပဲလေ့စ်အသင်း ထိုက်ထိုက်တန်တန် ဆွတ်ခူး

**လန်ဒန် မေ ၁၇**

အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီက အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရစ္စတယ်ပဲလေ့စ်အသင်းက မန်စီးတီးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အံ့အားသင့်ဖွယ် အနိုင်ယူပြီး ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ **(ဝဲပုံ)**

ခရစ္စတယ်ပဲလေ့စ်အသင်း အနိုင်ရရှိစေမည့် အဖိုးတန်သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၁၆မိနစ်တွင် အက်ဇီက သွင်းယူပေးခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်း ပရိသတ်များကလည်း အသင်း ချန်ပီယံဆုရရှိခဲ့ပြီးနောက် တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

ခရစ္စတယ်ပဲလေ့စ်အသင်း ထုတ်ပြန်ချက်တွင် "အသင်းသမိုင်းတစ်လျှောက် အခုလို အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားအားထုတ်ခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(NGB)**

၀-၀-၀

၀-၀-၀-၀